မြန်မာ့အလင်း

၁၂၇၇ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၃၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၀၁)

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး နာယကများ ပါဝင်သော ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဦးတည်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန်။

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသည် ပြည်ထောင်စုကြီး၏ အနာဂတ်အရေးအတွက် တစည်းတလုံးသော စွမ်းအားကို ပြုစုပျိုးထောင်ရာတွင် ထိရောက်စွာ အထောက်အကူပြုနိုင်စွမ်းရှိ ယခု (၁၄) ကြိမ်မြောက် ပြိုင်ပွဲကြီးကို နေပြည်တော်၌ အနှစ်သာရရှိရှိ စည်စည်ကားကားကျင်းပမည် ယဉ်ကျေးမှုအနုပညာနယ်ပယ်တွင် အမျိုးသားရေးကိုယ်ခံစွမ်းအားများ တက်လာအောင်ပျိုးထောင်

နေပြည်တော် ဇူလိုင် ၃၀

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် နာယက အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

စက်မှုဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု လူနေမှုမြင့်မားရေး လျှပ်စစ်စီမံကိန်းများ အမြန်အကောင်အထည်ဖော်

မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေသည် လယ်ယာထွက်ကုန်များကို အခြေခံသည့် စက်မှုလုပ်ငန်းများအဆင့်မှ စက်မှုလုပ်ငန်းမျိုးစုံ ထူထောင်သည့်အဆင့်သို့ တက်လှမ်းနေသည့် အချိန်ဖြစ်သည်။ လယ်ယာကဏ္ဍတိုးတက်မှုနှင့်အတူ စက်မှုကဏ္ဍတိုးတက်ဖွံ့ဖြိုးရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော လျှပ်စစ်စွမ်းအားကို ဟန်ချက်ညီညီ တိုးချဲ့ထုတ်လုပ်နိုင်ရေးတို့ကို ဦးစားပေး လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းအတွင်း ထည့်သွင်းထားသည့် ရေအားလျှပ်စစ်စီမံကိန်း အကြီးစားနှင့် အလတ်စားများအပြင် ဒေသတွင်းသုံးစွဲရန်အတွက် လျှပ်စစ်စီမံကိန်းအငယ်စားများကိုလည်း ဦးစားပေးအစီအစဉ်များဖြင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ပေးသွားမည် ဖြစ်သည်။

လျှပ်စစ်ဓာတ်အားကို တိုးချဲ့ထုတ်လုပ်ရန် စက်ရုံသစ်များ တည်ဆောက်ခြင်း၊ ဖြန့်ဖြူးမည့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ ခေတ်မီအောင်ပြုပြင်ခြင်းများ ပြုလုပ်နေသည်။ လျှပ်စစ်ကဏ္ဍဓာတ်အားပေးစက်ရုံများ၏ စက်တပ်ဆင်အားမှာ ၁၉၈၈ခုနှစ် မတိုင်မီက စက်တပ်ဆင်အား ၂၂၈ဒသမ၄၅၃ မဂ္ဂါဝပ်ရှိ ရေအားစက်ရုံ ၁၄ရုံ၊ မဂ္ဂါဝပ် ၂၈ဝရှိ ဓာတ်ငွေ့သုံးစက်ရုံ ခုနစ်ရုံ၊ မဂ္ဂါဝပ် ၆ဝ ရှိ ရေနွေးငွေ့စက်ရုံသုံးရုံ စုစုပေါင်း ၅၆၈ ဒသမ ၄၅၃မဂ္ဂါဝပ်ရှိ စက်ရုံပေါင်း ၂၄ရုံ ရှိခဲ့သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း ဓာတ်အားပေးစက်ရုံများကို အသစ်တည်ဆောက်ခဲ့ရာ ၅၁၇ဒသမ ၂၂၇မဂ္ဂါဝပ်ရှိ ရေအားစက်ရုံ၃ဝ၊ ၂၈၁မဂ္ဂါဝပ်ရှိ ဓာတ်ငွေ့သုံးစက်ရုံလေးရုံ၊ မဂ္ဂါဝပ်၁၂ဝရှိ ရေနွေးငွေ့စက်ရုံတစ်ရုံ၊ ၁၅၂ ဒသမ၉ မဂ္ဂါဝပ်ရှိ စွန့်ပစ်အပူသုံးစက်ရုံလေးရုံ စုစုပေါင်း ၁ဝ၇၁ ဒသမ၁၂၇မဂ္ဂါဝပ်ရှိ စက်ရုံပေါင်း ၃၉ရုံ တိုးတက်တည်ဆောက်နိုင်ခဲ့သည်။

လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေးအတွက် ရေအားလျှပ်စစ်စီမံကိန်း ၁၆ခုကို တည်ဆောက်လျက်ရှိသည်။ ဆက်လက်တည်ဆောက်ရန် ရေအားလျှပ်စစ်စီမံကိန်း ၁၅ခု လျာထားဆောင်ရွက်နေသည်။

နိုင်ငံတော်၏အစီအမံဖြင့် လျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိသည်မှာ အရှိန်အဟုန်ရနေပြီဖြစ်သည်။

ထမံသီစီမံကိန်းပါဝင်သည့် ချင်းတွင်းမြစ်ဝှမ်းစီမံကိန်းများ၊ မေခမြစ်ဆုံစီမံကိန်း၊ အဆင့်ဆင့်သော ရွှေလီစီမံကိန်း၊ ဟတ်ကြီးစီမံကိန်း၊ တာဆန်းစီမံကိန်းစသည့် ရေအားလျှပ်စစ်စီမံကိန်းကြီးများကို လက်တွေ့ကျကျ အကောင်အထည်ဖော်နေပြီဖြစ်သည်။ အနာဂတ်မျှော်မှန်းချက်အရ ပြည်တွင်း သုံးစွဲမှု ကို လုံလောက်ဖူလုံစေရုံသာမက နောင်တွင်လျှပ်စစ်ဓာတ်အားကို ပြည်ပသို့ပင် ရောင်းချနိုင်မည့် အခြေအနေရှိနေပြီဖြစ်သည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် အဓိက လိုအပ်သော လျှပ်စစ်စွမ်းအားများ ရရှိစေရန် တည်ဆောက်နေသည့် လျှပ်စစ်စီမံကိန်းများကို တာဝန်ရှိသူအသီးသီးက အမြန်ပြီးစီးရေး အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော်သွားကြရမည် ဖြစ်ပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၃၁-၇-၂၀၀၆
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:ဝဝ ၁။ မြဝတီအဖွင့်
- ၇:ဝ၅ ၂။ အဖွင့်သီချင်း
- ၇:၁ဝ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇:၂ဝ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃ဝ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅ဝ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:ဝဝ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁ဝ ၁ဝ။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:ဝဝ ၁။ မြဝတီအဖွင့်
- ၄:ဝ၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃ဝ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅ဝ ၅။ မျိုးချစ်တပ်မတော်
- ၅:၁ဝ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၃ဝ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:ဝဝ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁ဝ ၉။ နိုင်ငံတကာသတင်း
- ၆:၂ဝ ၁ဝ။ မိုးလေဝသသတင်း
- ၆:၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၂။ လျှပ်တစ်ပြက်
- ၇:ဝဝ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သံယောဇဉ်”** (အပိုင်း-၂)
- ၈:ဝဝ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၆။ မေးမြန်းစုစမ်း
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြိုင်ဟောဝန်က သိုင်းလုလင်”** (ဒုတိယတွဲ) (အပိုင်း-၁၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၇-၂၀၀၆
(တနင်္လာနေ့)

- ၇:ဝဝ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:ဝ၅ Music Gallery (ဘိုဘိုဟန် ကောင်းဘွိုင်ချစ်သူများ-၁)
- ၇:၃၅ တေးဂီတအစီအစဉ်
- ၇:၄ဝ ဆင်ယင်ရိုးရာ တို့မြန်မာ
- ၈:ဝဝ ပြည်တွင်းသတင်းအကျဉ်း
- ၈:၁ဝ စက္ကူလွှင့်လွှင့်ပန်းယဉ်ယဉ် အလှဆင်စေချင်
- ၈:၂ဝ တေးဂီတအစီအစဉ်
- ၈:၂၅ သူတို့ပြောတဲ့သူတို့အကြောင်း (မြန်မာယူရေနီယံအကအဖွဲ့နှင့် တွေ့ဆုံခြင်း)
- ၉:ဝ၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၁ဝ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ (နှောင်ကြိုးဖွဲ့သံယောဇဉ်) (DVD)
- ၉:၃ဝ တေးဂီတအစီအစဉ်
- ၉:၃၅ စားချင်စဖွယ်ဒေသထုတ် ဇလွန်ချင်းသုပ်
- ၉:၄၅ တေးဂီတအစီအစဉ်
- ၉:၅ဝ မိုးလေဝသခန့်မှန်းချက်
- ၉:၅၅ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွံ့ဖြိုးရေး [မျိုးမြတ်သူ၊ ချစ်နိုင်(စိတ်ပညာ)]
- ၁ဝ:၄ဝ ပြည်တွင်းသတင်းအကျဉ်း
- ၁ဝ:၅ဝ သစ်သီးပန်းပုလက်မှု အနုပညာ
- ၁၁:ဝဝ တေးဂီတအစီအစဉ်
- ၁၁:ဝ၅ ပမ္မဝတီတံတား (မြင်းကဆိပ်)
- ၁၁:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၂ဝ Language Lab (ရန်ကင်း ပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း)
- ၁၁:၅၅ တေးဂီတအစီအစဉ်
- ၁၂:ဝဝ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:ဝဝနာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ကြီးမှူး စိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်

လှိုင်သာယာမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

ရန်ကုန် ဇူလိုင် ၃ဝ

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှု အခမ်းအနားကို ယမန်နေ့ နံနက် ၆ နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၂)ရပ်ကွက် တပင်ရွှေထီးလမ်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက် အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲများအား သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် World Vision (Myanmar)မှ ဒေါက်တာအိုင်ဗင်က ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်ထံ သွေးလွန် တုပ်ကွေးရောဂါ ပညာပေးနံရံကပ် ပိုစတာကားချပ်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒေါက်တာလှမြင့်က နံရံကပ်ပိုစတာများအား လှိုင်သာယာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်ခင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးတို့ထံ ပြန်လည် ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်ခင်က မြို့နယ်အတွင်း ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ လှိုင်သာယာမြို့နယ်၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပရာ တိုင်းမှူးနှင့်ဇနီး၊ မြို့တော်ဝန်တို့က အခမ်းအနားသို့ တက်ရောက် လာကြသူများအား ပျိုးပင်များပေးအပ်ပြီး အမှတ်တရ သစ်ပင်များ စိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့သည် ကျောင်းဝင်းအတွင်းနှင့် တပင်ရွှေထီး လမ်းတစ်လျှောက် ကျောင်းသားကျောင်းသူများ၊ လူမှုရေး

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော လှိုင်သာယာမြို့နယ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့်ကျန်းမာသန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်မှုအခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း မြို့နယ်အတွင်းရှိ ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲများအား သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

အသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်း၍ သစ်ပင်များ စိုက်ပျိုးကြပြီး ရပ်ကွက်များအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်း၍ အမှိုက်များ ရှင်းလင်းခြင်း၊ မြက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ရောဂါဖြစ်ပွားစေသည့်ခြင်များ ခိုအောင်းပေါက်ဖွားခြင်း မရှိစေရန် ဆေးဖျန်းခြင်း၊ ရေတွင်း၊ ရေကန်၊ ရေအိုးများ၌ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေး ရုပ်ပုံကားချပ်များကိုလည်းကောင်း လိုက်လံကြည့်ရှု အားပေးကြသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းဆုံသို့ ရောက်ရှိ လာပြီး လမ်းဆုံရှိ လမ်းသားပျက်စီးလျက်ရှိသည့် နေရာများအား သန့်ရှင်းရေး ပြုလုပ်ခြင်း၊ Blower ဖြင့်အပူပေး၍ ချိုင့်ခွက်အတွင်းရှိ ရေများခြောက်သွေ့စေရန် ဆောင်ရွက်ခြင်း၊ ခြောက်သွေ့ပြီး ချိုင့်ခွက်များအား Coldemulsion အရည်လောင်း၍ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာပနှင့် ရွှေပြည်သာမြို့နယ်ရှိ ဘုန်းတော်ကြီးစာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင်လှူဒါန်း

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၉တိုက်နှင့် သီလရှင်စာသင်တိုက် သုံးတိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်ရှိ ဓမ္မမေဒိနီစာသင်တိုက်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၉တိုက်နှင့် သီလရှင်စာသင်တိုက် သုံးတိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၉တိုက်မှ ပဓာနနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ၊ သီလရှင်စာသင်တိုက်သုံးတိုက်မှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရေးဦးစွာ မြောက်ဥက္ကလာပမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဇမ္ဗူအေးကျောင်းတိုက် ဂန္ဓာရုံကျောင်း ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတို့က ဆရာတော်ကြီးများအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော် အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆက်လက်၍ သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေးနှင့် ပဲများကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးနိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဋ္ဌေးနိုင်နှင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမင်းလွင်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက် လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစု၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုက လှူဒါန်းငွေကျပ် ၂၂၀၀၀၀၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က ငွေကျပ်သုံးသိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၂၀၀၀၀၊ ရန်ကုန် အရှေ့ပိုင်းခရိုင်နှင့် မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ မြောက်ဥက္ကလာပမြို့နယ်မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၃၄သိန်း၊ မြောက်ဥက္ကလာပမြို့နယ် စက်မှုဇုန်မှ လုပ်ငန်းရှင် ၃၇ဦးက လှူဒါန်းငွေကျပ် ၂၁သိန်း၊ ဦးနိုင်ဝင်း-ဒေါ်ခင်မိုးဆွေ (ရွှေဝင်းကုမ္ပဏီ) က ငွေကျပ် သိန်း၂၀၊ ရွှေပေါက်ကံ စက်မှုဇုန် လုပ်ငန်းရှင်များနှင့် ဦးကျော်ကျော်လှိုင် (Smark Technical Services)တို့က ငွေကျပ်၁၀သိန်းစီ၊ ဦးသန့်ဇင်(တော်ဝင်မြန်မာ မော်တော်ယာဉ်ထုတ်လုပ်ရေး) က ငွေကျပ် ငါးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး)မိသားစုက ငွေကျပ် ၃၃၀၀၀၀၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့် (ဘီတီဘီကုမ္ပဏီလီမိတက်)၊ မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများအသင်း၊ ဦးခင်ဇော်-ဒေါ်ခင်ဆွေဦး (ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်း၊ ဦးခင်မောင်ဝင်း(စူပါမီဂါ လျှပ်စစ်လုပ်ငန်း)၊ ဦးကျော်ရွှေ(ရွှေမြန်မာ ပြည်တွင်းဖြစ် မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးဖေလှိုင် (SSI ကုမ္ပဏီဆေးဝါးထုတ်လုပ်ရေး)၊ ဦးအောင်ကြည်မြင့် (မင်းမဟာ တာယာအလှိုင်း)၊ ဦးချစ်မွေး (သပြေညို အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဒေါ်ခင်ဆွေဦး(ခ) ဒေါ်အေးအေးမော်(မြန်မာရွှေသရဖူ ဆောက်လုပ်ရေးကုမ္ပဏီ)နှင့် နိုင်ဂရုကုမ္ပဏီလီမိတက်တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးရဲအောင်-ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ် Co., Ltd.) ကြက်ဆူပင်စိုက်ပျိုးရေးအဖွဲ့က ငွေကျပ် ၂၀၈၀၀၀၊ ဦးမြသိန်း (လူမှုထူးချွန် ဒုတိယဆင့်) ဂိုလ်ရို့စ်ကော်ဖီမစ်၊ ဦးကြည်သိန်း(Marlar Auto Work)၊ ဦးလှကြည်-ဒေါ်အေးအေးသွယ် (သစ်ရောင်းဝယ်ရေး)၊ သီရိသုဓမ္မဓဏိဇောတရေ ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်း(ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး) ခနအောင် ကုမ္ပဏီလီမိတက်၊ ဦးတင်အောင်- ဒေါ်လှလှနွယ် (ဝင်းရတနာခရီးသွားလုပ်ငန်း)၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ) တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာ ကုမ္ပဏီလီမိတက်)က ငွေကျပ် ၂၂၀၀၀၀၊ ဦးသန်းနိုင်- ဒေါ်ကြည်ကြည်ဆွေ (သမ္မတသင်္ကန်းတိုက်)က ငွေကျပ် ၁၅၀၀၀၀၊ ဦးသန်းမောင်-ဒေါ်ငွေကြည် (ချမ်းမြေ့စတိုး)က ငွေကျပ် ၁၈၀၀၀၀နှင့် ဦးတင်ဦး(Camel Co., Ltd.)က ငွေကျပ် ၁၁၀၀၀၀ အပါအဝင် အလှူရှင် ၆၃ဦးတို့က အလှူငွေကျပ် ၁၈၇၈၆၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၉တိုက်နှင့် သီလရှင်စာသင်တိုက်သုံးတိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များထံမှ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ထို့နောက် ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် ဓမ္မမေဒိနီစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇာနေယျထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၈)အခြေခံပညာ အလယ်တန်းကျောင်းတို့မှ ကျောင်းသူလေးများက အရပ်ဆယ်မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြောက်ဥက္ကလာပမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၅၈၉အိတ်၊ ဆီ၂၄၄ပိဿာ၊ ဆား၂၃၄၆ပိဿာ၊ တိုင်းရင်းဆေး ၄၂၀၁ဘူး၊ ပဲ ၄၄၉ ပိဿာ၊ ဆပ်ပြာ ၂၂၄၆တောင့်၊ သွားတိုက်ဆားဘူး ၄၄၉ ဘူးနှင့် အလှူရှင်၆၃ဦးတို့က ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၁၈၇၈၆၀၀၀ ဖြစ်သည်။

ရွှေပြည်သာမြို့နယ်

အလားတူ ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ခုနစ်တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ၃နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၆)ရပ်ကွက် ရွှေဘုန်းရှိန်လမ်းရှိ အောင်ဆန်းတောရစာသင်တိုက်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်ခုနစ်တိုက်မှ ပဓာန နာယကဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ၊ သီလရှင်စာသင်တိုက်တစ်တိုက်မှ သီလရှင်ဆရာကြီး၊ ဆရာလေးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူဆောက်တည်

ရေးဦးစွာ ရွှေပြည်သာမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) သုခိတာရာမ တောရကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာစက္ကထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ကြီးများအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော် အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆက်လက်၍ သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲများကို တပ်မတော်(ကြည်း၊ရေ၊ လေ)မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးနိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဋ္ဌေးနိုင်နှင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဝင်းအောင် တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းဆန်တော်လှူဒါန်း

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက် လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစုနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊ လေ)

စာမျက်နှာ ၆ ကော်လံ ၁

31-7 (03).p65 1 1/13/32, 1:43 AM

ငါးတွင်ပါဝင်သောအဆီ ကိုယ်အလေးချိန်ကိုလျှော့ချနိုင်

ဆစ်ဒနီ ဇူလိုင် ၃၀

ငါးများတွင်ပါရှိသော ဖက်တီးအက်ဆစ်သည် လူသားတို့၏ဦးနှောက်အပေါ် အကျိုးသက်ရောက်မှုရှိပြီး ကိုယ်အလေးချိန်လျှော့ကျအောင်လည်း အကူအညီပေးနိုင်ကြောင်း ဩစတြေးလျသုတေသနပညာရှင်များက တွေ့ရှိထားသည်။

ငါးအဆီတွင်ပါဝင်သော အိုမီဂါ-၃ ဖက်တီးအက်ဆစ်သည် နေ့စဉ်စားသုံးပါက အဝလွန်သောလူများ အနေဖြင့် ကိုယ်အလေးချိန် လျှော့ချစေကြောင်း၊ ထို့အပြင် သွေးလှည့်ပတ်မှုကို ကောင်းမွန်စေသည့်အပြင် လေ့ကျင့်ခန်းများ ပြုလုပ်စဉ် ကြွက်သားများသို့ သွေးလှည့်ပတ်မှုကို ကောင်းမွန်စေရန် အထောက်အကူပြုပေးနိုင်ကြောင်း ဩစတြေးလျတက္ကသိုလ်မှ သုတေသနပညာရှင် အလီဆစ်ဟီလ်က ပြောကြားသည်။

သုတေသနပြု

သုတေသနပြုလုပ်ရာတွင် အဝလွန်သူနှင့် ကိုယ်အလေးချိန်များပြားသူ ၆၈ဦးတို့အား အုပ်စုလေးခုခွဲ၍ သုံးလကျော်ကြာ စစ်ဆေးသုတေသနပြုခဲ့ရာ ပထမအုပ်စုသည် ငါးဆီအနည်းငယ်သာ နေ့စဉ်စားသုံးစေပြီး နောက်အုပ်စုတစ်ခုကို နေကြာဆီစားသုံးစေခဲ့သည်။

လေ့ကျင့်ခန်း

အဆိုပါအုပ်စုနှစ်ခုမှ လူများအား သုံးလကျော်ကာလအတွင်း သီတင်းတစ်ပတ်လျှင် သုံးကြိမ်ပြေးခိုင်းခြင်း သို့မဟုတ် ၄၅မိနစ်ခန့် လမ်းလျှောက်ခိုင်းခြင်း စသည့်လေ့ကျင့်ခန်းများ ပြုလုပ်စေခဲ့သည်။

လျှော့ကျ

နောက်အုပ်စုနှစ်ခုအား ငါးဆီ သို့မဟုတ် နေကြာဆီကို စားစေပြီး လေ့ကျင့်ခန်းမလုပ်ခိုင်းဘဲ စမ်းသပ်ခဲ့ရာ သုံးလကျော်ကာလအတွင်း ငါးဆီစားသုံးသူများနှင့် လေ့ကျင့်ခန်းလုပ်သူများသည် ကိုယ်အလေးချိန်ပျမ်းမျှ နှစ်ကီလိုဂရမ် လျှော့ကျခဲ့သည်ကို လေ့လာတွေ့ရှိခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

ဘိန်းဖြူ ၁၄၅ကီလို တူရကီ၌ သိမ်းဆည်းရမိ

အင်ကာရာ ဇူလိုင် ၃၀

တူရကီရဲတပ်ဖွဲ့သည် တူရကီနိုင်ငံ အရှေ့ပိုင်းတွင် စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲခဲ့စဉ်အတွင်း ဘိန်းဖြူ ၁၄၅ ကီလိုကို သိမ်းဆည်းရမိခဲ့ကြောင်း အနာတိုလီယာ သတင်းဌာနက ဇူလိုင် ၂၈ရက်တွင် ဖော်ပြသည်။

ရှာဖွေ

သတင်းပေးချက်အရ ဟာကာရီ လုံခြုံရေးဌာနမှ အဖွဲ့ဝင်များသည် အီရန်နှင့်အီရတ် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်လျက်ရှိသော ဟာကာရီပြည်နယ်ရှိ ဟာကာရီဗင် အဓိက အဝေးပြေးလမ်းမပေါ်တွင် ထရပ်ကားတစ်စီးကို ရပ်တန့်ရှာဖွေခဲ့ကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။

ယင်းသို့ရှာဖွေရာတွင် ထရပ်ကားအတွင်း ဝှက်၍သယ်ဆောင်လာသည့် ဘိန်းဖြူထုပ် ၁၃၂ထုပ်ကို တွေ့ရှိခဲ့ကြောင်း၊ မသင်္ကာဖွယ် လူတစ်ဦးကိုလည်း ဖမ်းဆီးလိုက်ကြောင်း သတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဘိန်းဖြူများသည် ပျမ်းမျှရောင်းဈေး ခြောက်သန်း ဝိုင်တီအယ်လ်(အမေရိကန်ဒေါ်လာ ၄သန်းခန့်)ရှိကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အစ္စရေး-လက်ဘနွန်နယ်စပ်ရှိ စောင့်ကြည့်လေ့လာသူများ ပြန်လည်ရုပ်သိမ်းရန် ကုလသမဂ္ဂဆုံးဖြတ်

ဘေရွတ် ဇူလိုင် ၃၀

အစ္စရေး-လက်ဘနွန်နယ်စပ်တစ်လျှောက်ရှိ လက်နက်မဲ့ ကုလသမဂ္ဂ စောင့်ကြည့် လေ့လာသူများအား ရုပ်သိမ်းရန် ကုလသမဂ္ဂက ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ဇူလိုင်၂၈ရက်တွင် ပြောကြားသည်။

ပြောကြား

ယင်းတို့သည် လက်နက်မဲ့သူများဖြစ်ပြီး ၎င်းတို့ကိုကာကွယ်ရန် ဖြစ်ကြောင်း ကုလသမဂ္ဂပြောခွင့်ရပုဂ္ဂိုလ် မီးလော့စ်စရူဂျာက ပြောကြားသည်။

ဇူလိုင်၂၅ရက် ညနေပိုင်းက ကုလသမဂ္ဂစစ်ဘက်ဆိုင်ရာ စောင့်ကြည့်လေ့လာသူ လေးဦးသည် ခီရမ်းဒေသ၌ အစ္စရေးတို့ ဗုံးကြဲတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရ သည်။ ယင်းတို့မှာ ဖင်လန်၊ ဩစတြေးလျ၊ ကနေဒါနှင့် တရုတ်နိုင်ငံတို့မှ ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်ဟိုင်းမြို့အစွန်ရှိ ဓာတုဗေဒစက်ရုံ ပေါက်ကွဲနေသည်ကို ဇူလိုင်၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်၌ ဓာတုဗေဒစက်ရုံပေါက်ကွဲ

နန်ကျင်း ဇူလိုင် ၃၀

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စုပြည်နယ် ရှီယန်းစီရင်စုရှိ ဓာတုဗေဒစက်ရုံပေါက်ကွဲခဲ့သဖြင့် ၂၂ဦးသေဆုံးပြီး အနည်းဆုံး ၁၂ဦးဒဏ်ရာရရှိခဲ့ကြောင်း ဇူလိုင်၂၉ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

ပိတ်မိနေ

ပြည်နယ်ဆိုင်ရာပြည်သူ့လုံခြုံရေး အုပ်ချုပ်ရေးအဖွဲ့၏ ပြောကြားချက်အရ ရှီယန်းစီရင်စု လင်ဟိုင်ဒေသရှိ ဖူဒူးဓာတုဗေဒစက်ရုံ၌ ဇူလိုင် ၂၈ရက် နံနက် ၉နာရီခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သုံးဦးသေဆုံးခဲ့ကာ အနည်းဆုံး လူလေးဦး အပျက်အစီးများကြားတွင် ပိတ်မိနေကြောင်း အတည်ပြုပြောကြားခဲ့သည်။

ပို့ဆောင်

ယင်းစက်ရုံ ပေါက်ကွဲသည့်နေရာသို့ ကယ်ဆယ်ရေးအဖွဲ့များ အလျင်အမြန် ရောက်ရှိလာပြီး ဒဏ်ရာရရှိသူများကို ဒေသဆိုင်ရာ ဆေးရုံသို့ ပို့ဆောင်ပေးလိုက်ကြသည်။

စုံစမ်းစစ်ဆေး

ပေါက်ကွဲမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ထို့အပြင် ယင်းနေ့အစောပိုင်းက ရှန်ဟိုင်းမြို့အစွန်ရှိ ဓာတုဗေဒစက်ရုံတစ်ရုံနံနက်၈နာရီက ပေါက်ကွဲမှုဖြစ်ခဲ့သေးသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဝါရှင်တန်၌ မှုခင်းများ ထူပြော ရဲတပ်ဖွဲ့ တိုးချဲ့ချထားရန် လိုအပ်ဟုဆို

ဝါရှင်တန် ဇူလိုင် ၃၀

ယခုနှစ် နွေရာသီတွင် လူသတ်မှုနှင့် အခြားအကြမ်းဖက်မှုခင်းများ ထူပြောခဲ့သည့် ဝါရှင်တန်မြို့တွင် ရေရှည်၌ လမ်းလုံခြုံရေးအတွက် ၎င်း၏ ရဲတပ်ဖွဲ့ကို ၃၄ရာခိုင်နှုန်းအထိ ထပ်မံတိုးချဲ့ချထားရန် လိုအပ်မည်ဖြစ်ကြောင်း မြို့တော်ဝန် အင်သိုနီဝီယံက ဇူလိုင်၂၆ရက်တွင် ပြောကြားသည်။

မြို့၏ ရဲတပ်ဖွဲ့ကို ၁၉၈၀ ပြည့်နှစ်များကပင် ရှိခဲ့သော အရာရှိ ၃၈၀၀မှ ၅၁၀၀အထိ ထပ်မံတိုးသင့် မတိုးသင့်ကိုဆုံးဖြတ်ရန် အပြည့် အစုံလေ့လာရန်လိုကြောင်း မစ္စတာဝီလီယံက ပြောကြားသည်။

ယခုလတွင် ဝါရှင်တန်ဒီစီ၌ လူ၁၈ဦး အသတ်ခံခဲ့ရကြောင်း၊ လူသတ်မှု၊ ဓားပြတိုက်မှု၊ ကားခိုးမှုနှင့် အခြားမှုခင်းများ တိုးပွားနေမှုသည် လမ်းများပေါ်တွင် ရဲအရာရှိများ ပိုမိုချထားရန် မြို့၏ ရဲတပ်ဖွဲ့အကြီးအကဲကို လှုံ့ဆော်ရာဖြစ်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ညမထွက်ရ

ဇူလိုင် ၃၁ရက်တွင် အသက် ၁၇နှစ်ထက်ငယ်သည့် လူငယ်များအတွက် ညမထွက်ရအမိန့်ကို ည ၁၀ နာရီအဖြစ် ယာယီကြေညာသွားမည်ဖြစ်ကြောင်း၊ လောလောဆယ် ညမထွက်ရအမိန့်မှာ ညသန်းခေါင်ဖြစ်ကြောင်း၊ လောလောဆယ် ဖြစ်ပွားခဲ့သော အရေးပါသည့် မှုခင်းအပိုင်းတွင် လူငယ်များနှင့် ပတ်သက်လျက်ရှိကြောင်း ရဲအရာရှိများက ပြောကြားသည်။

လိုအပ်

ယခုကဲ့သို့ ဆောင်ရွက်မည်ဆိုလျှင် လောလောဆယ် ဖြစ်ပွားနေသည့် မှုခင်းများ လျော့နည်းသွားမည်ဟု မိမိယုံကြည်ကြောင်း၊ သို့သော် ရေရှည်အနေဖြင့် လမ်းများပေါ်တွင် ရဲအရာရှိများ ပိုမိုချထားရေးအတွက် အဖြေရှာရန် လိုအပ်သေးကြောင်း မစ္စတာဝီလီယံက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

ဆိုင်ကယ်စီးစွမ်းရည်ပြသ

ဆိုင်ကယ်စီးစွမ်းရည်ပြသနေသူများကို တွေ့ရစဉ်။ (ဝဲပုံ)

မက္ကဆီကိုနိုင်ငံ ဗိုကာလိုမြို့ရှိ ပြည်သူ့ရင်ပြင်တွင် မက္ကဆီကိုစီးတီးမြို့မှ ရဲတပ်ဖွဲ့ဝင်များက အံ့ဖွယ်ဆိုင်ကယ်စီးစွမ်းရည် ပြသခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်လေးစီးပေါ်တွင် ရဲတပ်ဖွဲ့ဝင်၁၂ဦးတို့က စီးနင်းပြသခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

နှစ်ပေါင်းသန်း ၁၀၀ကျော်ခန့်က အရိုးစု

လွန်ခဲ့သောနှစ်ပေါင်း သန်း၁၀၀ကျော်က သတ္တဝါတစ်ကောင်၏ အရိုးစုကို တွေ့ရစဉ်။(ယာပုံ)

ဩစတြေးလျနိုင်ငံတောင်ပိုင်း အင်ဒါမိုကာဒေသ၌ ရှေးနှစ်ပေါင်းသန်း ၁၀၀ကျော်က အသက်ရှင်သန် ကျက်စားခဲ့သော သတ္တဝါတစ်ကောင်၏ အရိုးစုများကို သုတေသနပညာရှင်များက တွေ့ရှိခဲ့ကြသည်။ ၎င်းအရိုးစုသည် တွားသွားသတ္တဝါတစ်ကောင်၏ အရိုးစုဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**



ဖလားဝါးနယူးစ်ဂျာနယ် သတင်းဝေဝေဆာဆာဖြင့်ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၃၀

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၀)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏အခန်းဆက်ခရီးသွားဆောင်းပါး'ကြိုနေမှာလားအွန်စော'၊ ပါရမီတက္ကစီမောင်းမလား စပေါ်၁၀ သိန်း၊ အုံနာကြေး တစ်လ တစ်သိန်းငါးသောင်းနှင့် မောင်းနှင်နိုင်ပြီ၊ ဘတ်ငွေ သန်း၂၀၀တန် ရနောင်းဆိပ်ကမ်းသစ်ဖွင့်၊ မြန်မာအပါအဝင် တောင်အာရှနိုင်ငံများနှင့် ကုန်သွယ်ရေး ဂိတ်တံခါးဝ ဖြစ်လာမည်ဟုဆို၊ ကုန်သွယ်မှုလွယ်ကူစေရန် နယ်စပ်ပို့ကုန်လိုင်စင်များကို ၁၀၅မိုင် ကုန်သွယ်ရေးစခန်းတွင်နေ့ချင်း ပြီးပြုလုပ်ပေးမည် စသည့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဒေါက်မြင့်ဖိနပ်စီးပြီး အပြေးပြိုင်သတဲ့၊ တရုတ်နိုင်ငံ ဂျပန်ကို ကျော်တက် တတိယအများဆုံးရိက္ခာအလှူရှင်ဖြစ်လာ၊ အဲဘတ်စ် အေ–၃၈၀ စူပါဂျမ်ဘိုလေယာဉ် ပြဿနာသစ်ထပ်တွေ့၊ ညစ်ညမ်းလေထုထဲ၌ ကြာမြင့်စွာ နေထိုင်ရသူ၌ နှလုံးရောဂါဖောက် အလားအလာ ပိုကြီးပုံရ စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများနှင့် စီးပွားရေး၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေး ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

မဟာသံဃိက ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

ပုဂံ–ညောင်ဦးမြို့နယ်ရှိ ဝါဆိုဝါကပ်တော်မူကြကုန်သော သံဃာတော်အပါး၁၄၇၀တို့အား သာသနာပြုကုသိုလ်အဖြစ် နှစ်စဉ်ကျင်းပလှူဒါန်းလျက်ရှိသည့် အဌမအကြိမ်မြောက် (မန္တလေးမြို့) သီဟသုဓမ္မသီဂိ ဒေါ်နွဲ့နွဲ့စန်း (ပါတိတ်တိုင်းပြည် အထည်ဆိုင်နှင့် ရတနာတိုင်းပြည် ဆောက်လုပ်ရေး) မိသားစုတို့က အလှူတော်ငွေကျပ် ၃၁သိန်း မတည်လှူဒါန်းပြီး စေတနာရှင် ဒါယကာ ဒါယိကာမအပေါင်းတို့က စုပေါင်း၍ ဆွမ်းဆန်တော် တင်း၃၂၀ကို ပုဂံ–ညောင်ဦးမြို့နယ်ရှိ သံဃာတော်အရှင်သူမြတ်တို့အား လှူဒါန်းဆက်ကပ်သည့် အခမ်းအနားကို ဇူလိုင် ၂၉ရက် မွန်းလွဲ၁နာရီတွင် ပုဂံ–ညောင်ဦးမြို့ အလိုတော်ပြည့်ဘုရားရင်ပြင်တော်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(က–ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်သောမိဘများအားအမျှးထား၍ ရန်ကုန်တိုင်းလမ်းမတော်မြို့နယ် (၁)ရပ်ကွက် ၃လမ်း အမှတ်၆၆နေ ဦးကိုကိုလွင်–ဒေါ်ခင်စန္ဒာအောင် (စံပြစတိုးဆိုင်) (၄၂)နှစ်မြောက် ဦးကိုကိုလွင်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်းစမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း မြေကွက်ဖြစ်မြောက်ရေး ဩဝါဒါစရိယ ဆရာတော် ဒေါက်တာအရှင်အာဒိစ္စဝံသ၊ အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့သတင်းဖြစ်စဉ်အကျဉ်း

စုစည်းတင်ပြသူ–မောင်မောင်မြင့်ဆွေ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖြစ်ပျက်ခဲ့သော သီတင်းတစ်ပတ်အတွင်း ထူးခြားသော သတင်းမှတ်တမ်းအကျဉ်းကို မြန်မာ့အလင်းပရိသတ်အတွက် စုစည်းဖော်ပြလိုက်ရပါသည်။

ဇူလိုင် ၂၄ ။ – အင်ဒိုနီးရှားနိုင်ငံတွင် မကြာမီရက်ပိုင်းအတွင်းက ဖြစ်ပေါ်ခဲ့သော ဆူနာမီရေလှိုင်းများ၏အမြင့်မှာ အချို့နေရာများ၌ ရှစ်မီတာအထိ မြင့်တက်ခဲ့ကြောင်း ဂျပန်–အင်ဒိုနီးရှား ပူးတွဲပညာရှင်အဖွဲ့က ထုတ်ဖော်ပြောကြားသည်။

– ၂၀၀၆ခုနှစ်ကို အိန္ဒိယ–ဂျပန် အပြန်အလှန်ကုန်သွယ်ရေးနှစ်အဖြစ် သတ်မှတ်လိုက်ကြောင်း အိန္ဒိယနှင့် ဂျပန်နှစ်နိုင်ငံတို့က ကြေညာသည်။

ဇူလိုင် ၂၅ ။ – အစ္စရေးဂျက်လေယာဉ်များက လက်ဘနွန်စစ်ဘေးဒုက္ခသည်များဖြင့် ပြည့်နေသော ဆီဒွန်ဆိပ်ကမ်းမြို့အတွင်း လေကြောင်းမှ အပြင်းအထန်တိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် လက်ဘနွန်ဆေးရုံမှ အရာရှိလေးဦးဒဏ်ရာရရှိခဲ့။

ဇူလိုင် ၂၆ ။ – တရုတ်နိုင်ငံက သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် အကြီးမားဆုံး ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၂၀ပြည့်နှစ်တွင် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိအောင် ကြိုးစားသွားမည်ဟု ကြေညာသည်။

– တရုတ်နိုင်ငံ ကျန်စီပြည်နယ်တွင် မိုးစံချိန်တင်ရွာသွန်းခဲ့ရာ မိုးရေချိန် ၁၃မီတာအထိရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်း ရေလွှမ်းခဲ့မှုကြောင့် လူပေါင်းတစ်သန်းခွဲခန့် ရေဘေးဒုက္ခခံစားခဲ့ရရာ အဆိုးရွားဆုံးဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ဇူလိုင် ၂၇ ။ – အစ္စရေးနှင့် ဟစ်ဇ်ဘိုလာ အပြန်အလှန်တိုက်ခိုက်နေမှုတွင် အမေရိကန်တို့က အစ္စရေးအား စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ပေးမှုကို ဥရောပနိုင်ငံခေါင်းဆောင်များက ပြစ်တင်ရှုတ်ချကြောင်း ကြေညာသည်။

– ဥရောပတစ်လွှား မိုးကြီးမှုစံချိန်တင်ခဲ့ရာ ဂျာမနီနိုင်ငံအနောက်တောင်ပိုင်း၌ နေအိမ်များ ရေနစ်မြုပ်ခဲ့ပြီး နှစ်၅၀အတွင်း အဆိုးရွားဆုံး ရေလွှမ်းခြင်းဖြစ်ကြောင်း ဂျာမနီနိုင်ငံ မီဒီယာများက သတင်းထုတ်ပြန်သည်။

ဇူလိုင် ၂၈ ။ – မလေးရှားနိုင်ငံသည် လက်ရှိအာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူထားမှုကို ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းပေးအပ်လိုက်သည်။

– ကာဇက်စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် စတုတ္ထအကြီးမားဆုံး ယူရေနီယမ်ထုတ်လုပ်သည့်နိုင်ငံဖြစ်ကြောင်း ကြေညာလိုက်ပြီး လက်ရှိအချိန်၌ ကမ္ဘာ့ယူရေနီယမ်၏ ၃၀ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားကြောင်း ပြောကြားသည်။

ဇူလိုင် ၂၉ ။ – ကမ္ဘာပေါ်တွင် မီးတောင်ရှင် အများဆုံးရှိသော အင်ဒိုနီးရှားနိုင်ငံ၌ အန္တရာယ်ရှိသည့် မီးတောင် ၁၂၉လုံးမှာ အချိန်မရွေးပေါက်ကွဲနိုင်သော အခြေအနေရှိကြောင်း အင်ဒိုနီးရှားနိုင်ငံရှိ ဘူမိပညာရှင်များက ပြောကြားသည်။ လက်ရှိအချိန်၌ ကာရန်ဂီတန် မီးတောင်ပေါက်ကွဲလု အနေအထားဖြစ်ပေါ်နေသဖြင့် အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ထားသည်။

– လီဂေါ်ကျင်းအမည်ရှိ တရုတ်အမျိုးသားတစ်ဦးအား မျက်နှာပြင်ခွဲစိတ်မှု အောင်မြင်စွာပြုလုပ်နိုင်ခဲ့ရာ ယင်းသည် တရုတ်နိုင်ငံ၏ ပထမဆုံး မျက်နှာပြင်ခွဲစိတ်မှု အောင်မြင်ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာခဲ့သည်။

ဇူလိုင် ၃၀ ။ – အမေရိကန်နိုင်ငံတွင် အပူလှိုင်းကျရောက်လျက်ရှိရာ ယနေ့အထိ လူ ၁၃၀ကျော် သေဆုံးခဲ့ရကြောင်း၊ နှစ်ပေါင်း ၁၀၀ကျော်အတွင်း အဆိုးရွားဆုံး အပူလှိုင်းကျရောက်ခြင်းဖြစ်ကြောင်း၊ အပူချိန်သည် အမြင့်ဆုံး ၄၄ဒသမ ၅စင်တီဂရိတ်အထိရှိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

(ကိုးကား–အင်တာနက်)

အင်တာနက် သတင်းနှင့်ဆောင်းပါး

အသီးအနှံများများစားလျှင် သွေးတိုးကျစေနိုင်

အသီးအနှံများ စားသုံးခြင်းသည် သွေးတိုးကျစေနိုင်ကြောင်း သုတေသနပညာရှင်များက လေ့လာတင်ပြထားသည်။

လေ့လာသိရှိ

လန်ဒန်ရှိ အင်ပါယာကောလိပ်မှ ဦးဆောင်သော သုတေသနအဖွဲ့သည် အသက် ၄၀မှ ၅၉နှစ်ရှိ လူပေါင်း ၄၆၈၀အား လေ့လာခဲ့ရာ အသီးအနှံစားသုံးခြင်းဖြင့် သွေးတိုးကျစေသောအချက်ကို လေ့လာသိရှိခဲ့သည်ဟု ဆိုသည်။

လေ့လာတင်ပြ

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများတွင် ပါဝင်သော ပရိုတင်းဓာတ်သည် သွေးပေါင်ကို ကျစေနိုင်ကြောင်း၊ အမိုင်နိုအက်ဆစ်ဓာတ်များ၊ ပရိုတိန်းဓာတ်နှင့် မဂ္ဂနီဆီယမ်ဓာတ်များ အဓိကအားဖြင့် သစ်သီးဝလံများတွင် တွေ့ရကြောင်း အဆိုပါအဖွဲ့က လေ့လာတင်ပြထားသည်။

အထောက်အထား

သို့ရာတွင် အသားများများစားခြင်းကြောင့် သွေးတိုးရခြင်း၊ သွေးပေါင်တက်ခြင်းများနှင့် ဆက်စပ်မှုအထောက်အထား မတွေ့ရသေးဟု ဆိုသည်။

သွေးပေါင်ကျစေနိုင်

အမိုင်နိုအက်ဆစ်ဓာတ်သည် သွေးပေါင်တက်ခြင်းကို ကာကွယ်ပေးနိုင်သည်။ ယင်းဓာတ်သည် အသားနှင့် သစ်သီးဝလံများတွင် တွေ့ရသော်လည်း ပါဝင်မှုအချိုးအစား မတူညီကြပေ။ သစ်သီးဝလံတွင် ပို၍ပါဝင်သဖြင့် သွေးပေါင် ပို၍ကျစေသည်ဟု ဆိုသည်။

(ကိုးကား–အင်တာနက်)



■ *ကျောဖုံးမှ*

တံတားဝန်းကျင် မြစ်ကမ်းပါးများ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ မြစ်ကြောင်း ထိန်းသိမ်းရေးအတွက် ရေကာနံရံများ ပြန်လည်ပြုပြင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းတွင် ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ ဘားအံ–သထုံ ကားလမ်းပေါ်ရှိ ဝါးပိုးတောလမ်းဆုံ၌ ဆောက်လုပ်မည့် ယာဉ်စစ်ကွင်းမြေနေရာကို လည်းကောင်း၊ ဒုံသမိတံတား ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လမ်းတစ်လျှောက်ရှိ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြား၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဘီးလင်းမြို့နယ်၏ တစ်မိုးနှစ်သီး ပထမ မိုးစပါး စံပြစိုက်ကွင်းအမှတ်(၂၆၈)သို့ ရောက်ရှိကြပြီး တောင်သူဦးတင်သန်း၊ ဦးအောင်မြင့်၊ ဦးအေးမောင်တို့၏ ဆင်းသွယ်လတ်၊ ဘေးကြားစော၊ နဂယား၊ မနောသုခစပါး စိုက်ခင်း ဧက၂၀၀ကိုကြည့်ရှုအားပေး၍ စိုက်ခင်းရှေ့တွင် ခင်းကျင်းပြသထားသော ယူရီးယား၊ ပုလဲဓာတ်မြေဩဇာနှင့် မြေဆွေးများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဘီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်လွင်က ဘီးလင်းမြို့နယ်တွင် မိုးစပါး ၁၄၆၄၁၈ဧက လျာထားသည့်အနက် ဧက၆၂၂၇၀ စိုက်ပျိုးပြီးစီးမှု အခြေအနေ၊ မိုးစပါး တိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ပြည်နယ် စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးစိန်ဝင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တောင်သူများ တစ်မိုးနှစ်သီး စိုက်ပျိုးကြရေးအတွက် တောင်သူများ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ဆောင်နိုင်အောင် ပညာပေးစည်းရုံးကြရမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်တွင် သဘာဝကပေးသော အခြေအနေကောင်းများရှိနေ၍ တောင်သူများ စပါး ပိုမိုတိုးချဲ့စိုက်ပျိုးပါက စီးပွားတိုးတက်မြင့်မားလာမှာ ဧကန်ဖြစ်ကြောင်းဖြင့် တိုက်တွန်းမှာကြားပြီး ဒေသခံပြည်သူများနှင့် တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စိုက်ပျိုးပြီး

မွန်ပြည်နယ်အနေဖြင့် ယခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးဧက၁၀သိန်း စိုက်ပျိုးရန်လျာထားပြီး ယခုအထိ ၅၆၃၃၉၅ဧက စိုက်ပျိုးပြီးဖြစ်သည်။ ဧက ၁ဒသမ၄သိန်းကို မိုးရာသီတွင် ဒုတိယ မိုးစပါးအဖြစ် စိုက်ပျိုးမည်ဖြစ်၍ ယခုနှစ်တွင် တစ်မိုးနှစ်သီး စုစုပေါင်း ဧက၂ဒသမ ၈သိန်း စိုက်ပျိုးမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်ဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၆၈ခုနှစ် ဝါခေါင်လဆန်း၇ရက် (အဖိတ်နေ့)
၃၁–၇–၂၀၀၆ ရက် (တနင်္လာနေ့)
နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅	၇။	အဆိုပြိုင်ပွဲ
၈:၂၀	၈။	ရင်းငြိမ်ရေထိန်းတံခါး
၈:၃၀	၉။	International News
၈:၄၅	၁၀။	Grammar made Easy
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဉ္စမအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု)(အထက–၄၊ မင်္ဂလာတောင်ညွန့်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇:၀၀	၅။	အကပဒေသာ
၁၇:၁၀	၆။	မြန်မာစာ မြန်မာစကား
၁၇:၂၅	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၃၀	၈။	**"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း–၁) ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇:၄၅	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	စစ်ကိုင်းဂုဏ်အင်ဆွမ်းဦးပုညရှင်
၁၈:၅၀	၁၃။	**"မောင်မြန်မာ လျှပ်စစ်စက်ဘီး"** ရီဝေယံ၊ စောနိုင်(ရှမ်းပြည်နယ်)၊ ပုလဲဝင်း [ဒါရိုက်တာ–တင်အောင်ရွှေ (သုတေသီ)]
၁၉:၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဇူလိုင်နံနက်ခင်း"** (အပိုင်း–၁၃)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လှလှ"** (အပိုင်း–၁၅)
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ ပျဉ်းမနားခရိုင် တပ်ကုန်းမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ခြောက်တိုက်သို့ ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် ဇူလိုင် ၃၀

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ခြောက်တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက်ရှိ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ပညာသိရီ(သာသနဓဇသိရီပဝရနိကာယ ပါဠိပါရဂူ) အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသောဒကာ်ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး ငွေတောင်တောရပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိရီ (သာသနဓဇသိရီပဝရ နိကာယ ပါဠိပါရဂူ)ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော်နှင့် ဆရာတော် သံဃာတော်များအား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေး၊ လေ)မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန်တော်နှင့် ပဲများကို ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော်ထံ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ဗိုလ်မှူးကြီးမြင့်ထွန်း(ရေ)၊ ဗိုလ်မှူးကြီး နေဝင်း(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက ဆက်ကပ် လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစု၊ ဦးငြိမ်း–ဒေါ်အုန်းကြင် OKဆန်ရောင်းဝယ်ရေးမိသားစု၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစု၊ ယူနီဗာဆယ် ကုမ္ပဏီ မိသားစု၊ အေဝမ်းကုမ္ပဏီ မိသားစု၊ တပ်ကုန်းမြို့နယ် ဌာနဆိုင်ရာနှင့် ရပ်ကွက် စေတနာရှင် ပြည်သူများ၊ ဦးအောင်ဝင်း တက်လမ်းကုမ္ပဏီ၊ ဦးခင်မောင်ထွန်း–သား မောင်ထက်လင်း(ထက်လင်းဆေးတိုက်)၊ ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါဆေးတိုက်)၊ ဦးမောင်မောင်ဦး(ဂရိတ်ဝေါ တိုင်းရင်းဆေးဝါး)၊ ဦးကြည်စိုး(ကေသီပန် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)တို့က ဆွမ်းဆန်တော်၊ ပဲ၊ ဆီ၊ဆား၊ဆေး၊ ဆပ်ပြာ၊ တိုင်းရင်းဆေးမျိုးစုံတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဆွမ်းပဒေသာပင် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် ခြောက်သောင်း၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ငါးသောင်း၊ တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသောင်း၊ ဌာနဆိုင်ရာများက လှူဒါန်းငွေကျပ် တစ်သိန်းနှစ်သောင်းလေးထောင့်ကိုးရာ၊ တပ်ကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်သုံးသောင်း၊ တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်သုံးသောင်းစီ၊ ကိုအန်းကူ–မကျင်ကျင်သောင်း (ရောင်ဟိုးရွှေဆိုင်)က ငွေကျပ် သုံးသိန်း၊ ဦးစိုးတင့်–ဒေါ်မာမာ (အလှကုန်ပစ္စည်းရောင်းဝယ်ရေး) တို့က ငွေကျပ်တစ်သိန်း၊ ဦးလှစိန်–ဒေါ်စန်းကြည်တို့က ငွေကျပ်တစ်သိန်း၊ ဦးလှသိန်း–ဒေါ်ဝင်းကြည် (စိန်သုံးလုံးပွဲရုံလုပ်ငန်း)က ငွေကျပ်ငါးသောင်း၊ မိုးကောင်းဘုရားကြီး ကထာကတ ပုညသဟာယ အသင်းက ငွေကျပ်ငါးသောင်း၊ သဒ္ဓါမိတ်က ကရုဏာရှင် လူမှုကူညီရေး အသင်းက ငွေကျပ် ငါးသောင်း၊ မြို့နယ် ဗီဒီယို အခြေခံအဖွဲ့ခွဲက ငွေကျပ်ငါးသောင်း၊ ဦးကြည်အောင်–ဒေါ်ခင်သောင်း (စိန်ပဒေသာပွဲရုံ)က ငွေကျပ်ငါးသောင်း၊ ဦးဇော်လွင်–ဒေါ်စုစုဝင်း(ဝင်းသီရိပွဲရုံ)က ငွေကျပ် ငါးသောင်း၊ ဦးကြည်ဝင်း–ဒေါ်ညွန့်ရီ (ကုန်စုံဆိုင်)တို့က ငွေကျပ်ငါး သောင်း၊ ဦးအောင်ဆွေဦး–ဒေါ်မာမာဝင်း(ဟိန်းဝင်းအောင် ထမင်းဆိုင်)က ငွေကျပ်ငါးသောင်း၊ ဦးစိန်မိုး–ဒေါ်ကြည်ညွန့်၊ (မြဟသ်ာဆေးဆိုင်)ကငွေကျပ်တစ်သောင်း၊ ဦးအောင်မြင့်သန်း (ရွှေတောင် ကုမ္ပဏီ)က ငွေကျပ်နှစ်သိန်း၊ ဦးအောင်ဇော်မြင့် (တိုင်းရင်းဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်)–သီရိသုဓမ္မသီင်္ဂီ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် မိသားစုက ငွေကျပ် တစ်သိန်းတစ်သောင်း၊ သီဟသုဓမ္မသီင်္ဂီဒေါ်မြသိန်း (သား)ဦးရန်ရှင်း(ယူနိုက်တက်ဝင်းနားအင်တာနေရှင်နယ်ကုမ္ပဏီ)ကငွေကျပ်တစ်သိန်းတစ်သောင်း၊ ဦးသက်လင်း (TZTMကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ ဦးအောင်ဝင်း(တက်လမ်းကုမ္ပဏီ)က ငွေကျပ်တစ်သိန်းငါးသောင်း၊ အေးရှဟိုက်တက်(ဆောက်လုပ်ရေးကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ နန်းအိမ်သူဆောက်လုပ်ရေးက ငွေကျပ်နှစ်သိန်း၊ ဦးကြည်စိုး(ကေသီပန်တိုင်းရင်းဆေးဝါး)က ငွေကျပ်တစ်သိန်း၊ ဦးမောင်မောင်ဦး(ဂရိတ်ဝေါဒဏ်ကြေလိမ်းဆေး) ကငွေကျပ်သုံးသိန်း၊ ဦးခင်မောင်ထွန်း (ထက်လင်း)က ငွေကျပ်သုံးသိန်း၊ ဦးဇော်ဝင်း(အရဏ်ဦးဆောက်လုပ်ရေး) ကငွေကျပ်နှစ်သိန်း၊ ဦးမျိုးအောင် တွဲဖက်အတွင်းရေးမှူး(၁)မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းက ငွေကျပ်တစ်သိန်း၊ ဦးမျိုးအောင်–ဒေါ်ခင်ရီမွန် (ဆန်းမြန်မာ)က ငွေကျပ် တစ်သိန်း တစ်သောင်း၊ ဦးထွန်းမြင့်နိုင် (အေးရှားဝေါ ကုမ္ပဏီ)က ငွေကျပ် ခြောက်သိန်း၊ တပ်ကုန်း တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးစိုးထက်က ငွေကျပ် တစ်သိန်း၊ ဦးဇော်မိုးနိုင် (အက်စ်ပီဒင် ကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေး)က ငွေကျပ်သုံးသိန်းသုံးထောင်၊ ဦးကျော်ဝင်း (ရွှေသံလွင်)က ငွေကျပ်ငါးသိန်း၊ WHK ကုမ္ပဏီ ဦးဝင်းထင်ကျော်က ငွေကျပ်နှစ်သိန်း၊ သိန်းဆောက်လုပ်ရေးက ငွေကျပ်နှစ်သိန်း၊ အေဒင် ကုမ္ပဏီက ငွေကျပ်ခြောက်သိန်း၊ ထူးထရေးဒင်းက ငွေကျပ်ခြောက်သိန်း၊ WEG ကုမ္ပဏီက ငွေကျပ်နှစ်သိန်းတို့ကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော်အရာရှိကြီးများထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအေးသော်က တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် လှူဒါန်းရသည့် ရည်ရွယ်ချက်များကို လျှောက်ထားသည်။

ရေစက်သွန်းချအမျှပေးဝေ

ဆက်လက်၍ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော်ထံမှ တက်ရောက်လာကြသော ဒကာ်ပရိသတ်တို့က သာဓု အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ရွတ်ဖတ်ပူဇော်

ထို့နောက် တပ်ကုန်းမြို့နယ် သာသနာ့ဗိမာန် ဓမ္မစကြာဝတ်အသင်းဝင်များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့လှူဒါန်းပွဲတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော် ၁၆၄ အိတ်၊ ဆီ ၈၆ ပိဿာ၊ ပဲ ၇၂ ပိဿာ၊ အိုင်အိုဒင်းဆား ၃၆၂ ပိဿာ၊ သွားတိုက်ဆေး ၇၂ ဘူး၊ ပဒုမ္မာဆပ်ပြာချော ၃၆၂ တောင့်၊ ဆပ်ပြာကြမ်း ၃၆၂ တောင့်၊ တိုင်းရင်းဆေးမျိုးစုံ ၇၂၁၇ ဘူးနှင့် ဆေးပဒေသာပင် အလှူငွေကျပ် ၇၃၃၇၉၀၀ တို့ကို လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ခြောက်တိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ခြောက်တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားတွင် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

မိသားစုက ငွေကျပ် ၈၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၈၀၀၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်း၊ ရွှေပြည်သာမြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ငွေကျပ် ငါးသိန်း၊ ဦးရှောင်စန်း (ကရောင်းဝိုင်ယာကြိုးစက်)ကငွေကျပ်၅၅၀၀၀၀၊ ဦးရန်ဟိုး(အေအမ်စီကုမ္ပဏီ)က ငွေကျပ်ငါးသိန်း၊(ဦးသိန်းမောင်)–ဒေါ်ပါးပါး(စန္ဒီပရဆေး မိသားစု)က ငွေကျပ် ၃၀၃၀၀၀၊ မစ္စတာယိ(ခိုင်ခိုင်ဂရုစန္ဒာမော်တော်ယာဉ် ထုတ်လုပ်ရေး) က ငွေကျပ်သုံးသိန်း၊ ဦးချစ်မွေး–ဒေါ်မြင့်မြင့်ရီ (သပြေညိုအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်း၊ ဦးတင်အောင်–ဒေါ်လှလှနွယ်(ဝင်းရတနာ ခရီးသွားလုပ်ငန်း)တို့က ငွေကျပ် နှစ်သိန်းစီ ရွှေပြည်သာမြို့နယ် ဆီကုန်သည်များနှင့် နိုင်မွန် သံရည်ကြိုစက်ရုံတို့က ငွေကျပ် ၁၅၀၀၀၀စီ၊ ဦးသန်းမောင်–ဒေါ်ငွေကြည်(ချမ်းမြေ့စတိုး)က ငွေကျပ် ၁၂၆၀၀၀၊ ဦးတင်လှ(Camel Int’l Co.,Ltd.) နှင့် ဦးမျိုးအောင်–ဒေါ်ခင်ရီမွန်တို့က ငွေကျပ် ၁၁၀၀၀၀စီ၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးတင်ဝင်း–သီရိသုဓမ္မသီင်္ဂီ ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KNကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ ဦးသိုင်းဝင်း–ဒေါ်ဌေးဌေးညွန့် (BTB Co., Ltd.) က ငွေကျပ်နှစ်သိန်း၊ အဂ္ဂမဟာ မဏိဇောတဓရဦးသန်းနိုင်–သီရိသုဓမ္မသီင်္ဂီ ဒေါ်ကြည်ကြည်ဆွေ(သမ္မတသက်န်းတိုက်)က ငွေကျပ် ၁၅၀၀၀၀၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးသိန်း–ဒေါ်ခင်ချိုအုန်း(ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)က ငွေကျပ် ၂၁၀၀၀၀ အပါအဝင် အလှူရှင်များက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၆၃၄၈၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများကလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက်မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်မှဒုတိယဗိုလ်မှူးကြီးဝင်းအောင်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ရွှေပြည်သာမြို့နယ် သံဃနာယကဥက္ကဋ္ဌ(သုဓမ္မာ)ရွှေမြို့ဝင်ဇီးကုန်းကျောင်း ဆရာတော် ဘဒ္ဒန္တကုသလထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

မေတ္တာပို့သ

ထို့နောက် ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် ရတနာ့ဂုဏ်ရည် ဝတ်အသင်းက အရပ်ဆယ်မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ရွှေပြည်သာမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ယနေ့လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော်အိတ်၁၉၀ နှင့် ၁၈ပြည်၊ ဆီ၆၅ပိဿာနှင့် ၅၀ ကျပ်သား၊ ပဲ၁၃၀ပိဿာ၈၀ကျပ်သား၊ အိုင်အိုဒင်းဆား၆၅၄ပိဿာ၊ သွားတိုက်ဆေးဘူး၁၃၀၊ တိုင်းရင်းဆေးမျိုးစုံ ၂၆၃၂ဘူးနှင့် ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၆၃၄၈၀၀၀ဖြစ်သည်။ **(သတင်းစဉ်)**

ဘိုးဘွားများစောင့်ရှောက်ရေးဆိုင်ရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သီရိရတနာခန်းမတွင် ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက ဘိုးဘွားများစောင့်ရှောက်ရေးဆိုင်ရာ ပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပသည်။

ဟောပြောပွဲသို့ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်(အငြိမ်းစား) ဒေါက်တာကျော်စိန်က **"လူတိုင်းသိသင့်သော ဇရာစိတ်ပညာ"**အကြောင်း**(အောက်ပုံ)**နှင့် စိတ်ကျန်းမာရေး ဆေးရုံအုပ်ကြီး ဒေါက်တာ ဇော်စိန်လွင်က **"သက်ကြီးရွယ်အို စိတ်ကျန်းမာရေး"**အကြောင်း ဟောပြောကြသည်။

အခမ်းအနားသို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်း ဆရာဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဝန်ထမ်းများနှင့် မိသားစုများ စိတ်ပါဝင်စားစွာ တက်ရောက်ကြသည်။ **(မြန်မာ့အလင်း)**

● *ကျောဖုံးမှ*

မြန်မာ့အထည်အလိပ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်တို့က အထည်ချုပ်စက်ရုံ(ပခုက္ကူ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်၍ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အထည်ချုပ်စက်ရုံ(ပခုက္ကူ) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် အထည်ချုပ်စက်ရုံ(ပခုက္ကူ)စက်ရုံအတွင်း၌ အထည်ချုပ်လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် စက်ရုံဝင်းအတွင်း၌ ဖွင့်လှစ်ထားရှိသော ဝင်းသူဇာအရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စက်ရုံဖွင့်ပွဲအခမ်းအနားကို စက်ရုံခန်းမ၌ ဆက်လက်ကျင်းပရာ ရေးဦးစွာ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က အထည်ချုပ်စက်ရုံ(ပခုက္ကူ)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် လေးရပ်မှာ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသည့် အချက်ကို ထည့်သွင်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာမှာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသည် မုချမသွေဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း။

ဆက်လက်မြှင့်တင်

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းများသာမက ပုဂ္ဂလိက စက်မှုလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်မှာလည်း စက်မှုဇုန် ၁၈ ဇုန် တည်ထောင်ဖွဲ့စည်း၍ ဇုန်တာဝန်ခံကြီးများ ခန့်အပ်ထားရှိပြီး အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံတော်ပိုင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ဆက်လက်မြှင့်တင်နိုင်ရေးအတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနအသီးသီးမှ မိမိတို့ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိကြကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပခုက္ကူ အထည်ချုပ်စက်ရုံကို မကွေးတိုင်း ပခုက္ကူမြို့နယ်၌ တည်ဆောက်ရန် တည်နေရာရွေးချယ်ရခြင်းမှာ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေး၊ ဒေသ ဖွံ့ဖြိုးတိုးတက်လာစေပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊ ဝတ်ဆင်မှုအဆင့်အတန်း မြင့်မားလာစေရန်၊ ခေတ်မီစက်ကိရိယာများ ကိုင်တွယ်အသုံးပြုနိုင်ရန်တို့အတွက် ပခုက္ကူဒေသကို ရွေးချယ်ရခြင်းဖြစ်ကြောင်း။

ပြန်လည်ဖြစ်ထွန်း

ပခုက္ကူခရိုင်ကို ကြည့်မည်ဆိုလျှင် ပခုက္ကူခရိုင်သည် သစ်တောသစ်ပင်များမရှိတော့ဘဲ ပူပြင်းခြောက်သွေ့ပြီး သဲကန္တာရဖြစ်တော့မည့် အလားအလာရှိသည့်အတွက် ယင်းတို့ကိုကာကွယ်ရန် သစ်ပင်စိုက်ပျိုးရေး၊ သစ်တောကာကွယ်ရေးတို့ကို စီမံချက် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ပခုက္ကူခရိုင်ထဲက တန့်ကြည့်တောင်၊ တက်မတောင်၊ မြိုင်တောင်၊ ရှင်မတောင် စသည့် တောင်တန်းများ စိမ်းလန်းစိုပြည်ရေးနှင့် မြို့ရွာများ စိမ်းလန်းစိုပြည်ရေး စီမံချက်ချမှတ် ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ သစ်တောသစ်ပင်များ ပြန်လည်ဖြစ်ထွန်းပြီး ရာသီဥတု ပိုမိုကောင်းမွန်ကာ မိုးရွာရက်များ ပိုမိုများလာခဲ့ကြောင်း။

လမ်းပန်းဆက်သွယ်ရေးပိုင်းတွင် ဆိုလျှင်လည်း ပခုက္ကူမှ မြောက်ဘက် မုံရွာ၊ မန္တလေး၊ အနောက်ဘက် ချင်းပြည်နယ် မြောက်ပိုင်း၊ တောင်ပိုင်း၊ တောင်ဘက်ကို မင်းဘူးခရိုင်သွားသည့်လမ်းများအား အဆင့်မြှင့်တင်ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး မြို့ချင်းဆက် လမ်းများလည်း အများအပြား ဖောက်လုပ်ပေးခဲ့ကြောင်း။

ထင်ရှားသည့်တံတားကြီးများ

ထို့အပြင် ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတား၊ ဧရာဝတီမြစ်ကူး အနော်ရထာတံတားနှင့် ချင်းပြည်နယ် တောင်ပိုင်းဘက် လမ်းကြောင်းဖြစ်သည့် ပေါက်မြို့အနီး ယောချောင်းပေါ် တည်ဆောက်ထားသည့် အမှတ်(၁) ပေါက်တံတား(အုန်းတော)၊ အမှတ်(၂) ပေါက်တံတား (ရေပြာ)တို့သည်လည်း ထင်ရှားသည့် တံတားကြီးများဖြစ်ကြောင်း။

အလားတူပင် ပခုက္ကူ–ချောင်းဦး၊ မန္တလေး–မုံရွာ ရထားလမ်း၊ ပခုက္ကူ–မြိုင်–ကျော–ဂန့်ဂေါ ရထားလမ်းများသည်လည်း ဘယ်ခေတ်မှာမျှ မလုပ်နိုင်ခဲ့သည့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးမှုများဖြစ်ကြောင်း။

စိုက်ပျိုးရေးတိုးတက်ရန် ဆန်ဖူလုံမှုရှိစေရန်အတွက် ဆည်၊ ကန်အမြောက်အမြားကိုလည်း တည်ဆောက်ပေးခဲ့ကြောင်း။

တိုးချဲ့စိုက်ပျိုး

ထို့အပြင် ပခုက္ကူမြို့နယ်အတွင်းမှာ မြစ်ရေတင်စီမံကိန်းများဖြစ်သည့် ရွှေတန့်တစ်၊ ကုက္ကိုလှ၊ ချစ်သူ၊ မအူ၊ မင်းရွာ၊ ရေပြာနှင့် စံဖဲ စသည့် မြစ်ရေတင် ခုနစ်ခုတည်ဆောက်ပေးခဲ့သဖြင့် စပါးစိုက်ဧကပေါင်း ၇၂၀၀ အထိ စိုက်ပျိုးနိုင်ခဲ့ပြီး ဆက်လက်၍ နန်းပို့ကြီးရွာ၊ ဝါယာသာစည်၊ ရွှေချောင်း၊ အောက်ဆိပ်၊ ယော၀ မြစ်ရေတင် ခြောက်ခု တည်ဆောက်ဆဲဖြစ်၍ စပါးစိုက်ဧက ၂၇၁၀၁ ကို တိုးချဲ့စိုက်ပျိုးရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် စပါးသီးနှံသာမက အခြားမြေပဲ၊ ဝါ၊ နှမ်း စသည့် သီးနှံများပါ စိုက်ပျိုးလာနိုင်ပြီဖြစ်၍ မြေကြီးက ရွှေသီးသည့်ခေတ်ကို မကြာမီရောက်ရှိတော့မည်ဖြစ်ပါကြောင်း၊ ဒေသက ပြည်သူများအတွက် စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ပခုက္ကူ စက်မှုဇုန် တည်ထောင်ပေးသကဲ့သို့ ပခုက္ကူခရိုင်အတွင်းမှာပဲ ချည်မျှင်နှင့် အထည်စက်ရုံကြီးတစ်ခု တည်ထောင်ပေးခဲ့ပြီး ယနေ့ ဖွင့်လှစ်လိုက်သည့် အထည်ချုပ်စက်ရုံ ထပ်မံတည်ထောင်ပေးခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မုချအထောက်အကူပြုစေမည့် ယနေ့ ဖွင့်လှစ်သော ပခုက္ကူ အထည်ချုပ်စက်ရုံ အရှည်တည်တံ့ပြီး အရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများ စွမ်းအားပြည့်ထုတ်လုပ်သွားနိုင်ရေးအတွက် စက်ရုံရှိ ဝန်ထမ်းများသာမက ဒေသခံပြည်သူများကပါ ဝိုင်းဝန်းကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြပါရန် အလေးအနက် တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

သွင်းကုန်အစားထိုး

ဆက်လက်၍ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် ယခုစက်ရုံကြီး မတည်ဆောက်မီ လွန်ခဲ့သော ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁ ရက်ကလည်း အမှတ်(၁) စက်မှုဝန်ကြီးဌာနအနေဖြင့် ပခုက္ကူ ချည်မျှင်နှင့် အထည်စက်ရုံကြီးကို အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ စက်ရုံကြီးများ ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ယခုလိုစက်ရုံကြီးများ တည်ဆောက်ခဲ့သည့်အတွက် ပြည်သူများအနေဖြင့် အဝတ်အထည်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်သည့်အပြင် နိုင်ငံတော်အနေဖြင့် သွင်းကုန်အစားထိုးခြင်း ရည်မှန်းချက်များလည်း အောင်မြင်ခဲ့ကြောင်း။

ယခုလို နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးစွာဖြင့် စက်ရုံ၊ အလုပ်ရုံများ ဖွင့်လှစ်ရန် လမ်းညွှန်ချက်များ ချမှတ်ပေးသည့်အတွက် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် နည်းပါးလာပြီး ကျေးလက်ဒေသပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေးများ အဆင့်အတန်း မြင့်မားလာပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် တည်ဆောက်ပေးထားပြီးဖြစ်သည့် စက်ရုံများကို ဒေသခံပြည်သူများနှင့် ဝန်ထမ်းများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေးအတွက် စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ပြီး ထုတ်ကုန်ပစ္စည်းများ လျာထားချက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ပေးသည့်အပြင် ဝင်းသူဇာအရောင်းဆိုင်များပါ နိုင်ငံအနှံ့ ဖွင့်လှစ်ရောင်းချပေးသည့်အတွက် ပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများမှာ ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုခံယူပြီး မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ဒေသချစ်စိတ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အထည်ချုပ်စက်ရုံ (ပခုက္ကူ)အား ပခုက္ကူဒေသ၌ ဖွင့်လှစ်ပေးသဖြင့် ဒေသဖွံ့ဖြိုးမှုနှင့် ဒေသနေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိသဖြင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိကြောင်းကို ဒေသခံပြည်သူများကိုယ်စား ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ အထည်ချုပ်စက်ရုံ (ပခုက္ကူ) စက်ရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စက်ရုံဝန်းကျင်ရှိ ကျေးရွာများရှိ အခြေခံပညာမူလတန်းကျောင်းများသို့ အလှူငွေများကို မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က ပေးအပ်လှူဒါန်းရာ အရှေ့ချောက်ကန်ကျေးရွာ၊ အနောက်ချောက်ကန် ကျေးရွာ၊ လက်ပံကန်ကျေးရွာ၊ မကျီးကိုးပင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက အသီးသီး လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုဖွင့်လှစ်လိုက်သော အထည်ချုပ်စက်ရုံ(ပခုက္ကူ)သည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းက ပြည်တွင်း လိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် သွင်းကုန်အစားထိုးရန်၊ ဒေသ ဖွံ့ဖြိုးတိုးတက်လာစေပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊ ဝတ်ဆင်မှု အဆင့်အတန်းမြင့်မားစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေရန်နှင့် ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြုသည့်အတွက် နည်းပညာပိုင်းဆိုင်ရာ မြင့်မားလာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် စက်ရုံကို အကောင်အထည်ဖော် ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်သည်။

တပ်ဆင်ထား

ယင်းစက်ရုံတွင် ပင်မအဆောက်အအုံမှာ အလျားပေ ၃၄၀၊ အနံပေ ၁၅၀ နှင့် အမြင့်ပေ ၂၀ရှိ RC အဆောက်အအုံဖြစ်ပြီး ၁၁ KV ဓာတ်အားခွဲရုံ၊ ရေသိုလှောင်ကန်၊ ရေစင်၊ ကုန်ကြမ်းသိုလှောင်ရုံများ ပါဝင်ပြီး အထည်ချုပ်စက်ရုံ ၅၂၆ လုံးအပါအဝင် စက်အလုံးပေါင်း ၇၀၄ လုံး တပ်ဆင်ထားသည်။

ထုတ်လုပ်မည်

ဝန်ထမ်းအင်အားမှာ အရာထမ်းဝန်ထမ်း ၃၁ ဦး၊ အမှုထမ်း ၁၅၉၇ ဦး ဖွဲ့စည်းထားရှိပြီး ဖွင့်လှစ်ချိန်တွင် ဝန်ထမ်းစုစုပေါင်း ၈၁၆ ဦး ခန့်ထားပြီးဖြစ်ကြောင်းနှင့် ထုတ်လုပ်မှုစွမ်းအားအနေဖြင့် တစ်နှစ်လျှင် အထည် ၁၂ သိန်း ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ရုပ်အင်္ကျီ၊ (မ)ဝတ်အင်္ကျီ၊ ကလေးဝတ်အင်္ကျီ၊ ဂျာကင်အင်္ကျီ၊ ခြင်ထောင်အမျိုးမျိုးနှင့် သင်္ကန်းအမျိုးမျိုး ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထည်ချုပ်စက်ရုံ(ပခုက္ကူ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဇူလိုင် ၃၀ ရက်က ဗဟန်းမြို့နယ် ဆရာစံတောင် စံပြရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ ၂၀၀၅–၂၀၀၆ နှစ်ပတ်လည် အစည်းအဝေးတွင် မိခင်နှင့်ကလေးအသင်းခွဲ ဘဏ္ဍာရေးမှူး ဒေါ်မိမိခိုင်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူထံသို့ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများ ပေးအပ်စဉ်။ (က–ပ)

ပြည်သူများစိတ်ဓာတ်ရေးရာအခြေခံများ ရင့်သန်ခိုင်မာမြင့်မားစေရေး စာပေ၊ ယဉ်ကျေးမှု၊ အနုပညာစွမ်းအားတို့ဖြင့် စေ့ဆော်စည်းရုံးမြှင့်တင်

■ *ရှေ့ဖုံးမှ*

အစည်းအဝေးတွင် ရှေးဦးစွာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့သဘင်စသည့် အနုပညာရပ်များအရှည်တည်တံ့စေပြီး ပြည်နယ်နှင့်တိုင်း နယ်မြေဒေသအားလုံး၌ အခြေခိုင်မာပြန့်ပွားရေး၊ အနုပညာရှင်မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေး၊ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေးစရိုက်လက္ခဏာများရှင်သန်ရေးစသည့် မွန်မြတ်သောရည်မှန်းချက်များအတွက် ၁၉၉၃ ခုနှစ်မှစတင်ပြီး ဆို၊က၊ ရေး၊ တီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုအခါ (၁၄)ကြိမ်မြောက်ပြိုင်ပွဲကြီးကို နေပြည်တော်မှာ ပထမဆုံး ကျင်းပဆောင်ရွက်မည်ဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များသည် နှစ်ပေါင်းထောင်ချီရှည်ကြာခဲ့ပြီး သမိုင်းစဉ်ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့မှုနှင့်အတူ အနုပညာအဆီအနှစ်များ စုစည်းရင့်ကျက်နေပြီဖြစ်ကြောင်း၊ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်မင်းကိုယ့်ချင်းဖြင့် ရပ်တည်ခဲ့သည့် ရှေးမြန်မာ မင်းအဆက်ဆက်လက်ထက်များတွင် မြန်မာ့ယဉ်ကျေးမှုအနုပညာသည် ဘာသာ၊ သာသနာအရိပ်နှင့် ထီးရိပ် နန်းရိပ်တို့၌ စတင်အခြေပြုထွန်းကားခဲ့ပြီး မြန်မာ့သဘင်၊ မြန်မာ့ဂီတတို့ စည်ပင်ဖွံ့ဖြိုးခဲ့သည့် ကုန်းဘောင်ခေတ်တွင် နန်းတွင်းဇာတ်တော်ကြီးများ၊ ရုပ်စုံသဘင်များ ခင်းကျင်းကပြနေသည့်အဆင့်ကို ရောက်ရှိနေပြီဖြစ်သကဲ့သို့ ထီးနန်းဝန်းကျင်ဘွဲ့၊ ဘုန်းတော်ဘွဲ့၊ သဘာဝဘွဲ့၊ အချစ်ဘွဲ့၊ လွမ်းဘွဲ့တို့ကိုရေးဖွဲ့သည့် ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား စသောတေးဂီတများ ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ဗုံကြီးသံ၊ စည်တော်သံ၊ အိုးစည်သံ၊ ဒိုးပတ်သံ၊ ကောက်စိုက်တေး၊ မောင်းထောင်းတေးစသည့် သာမန်ပြည်သူတို့ သီဆိုသည့် တေးသံများ၊ တိုင်းရင်းသားတေးသံများသည်လည်း ပေါ်ထွက်လာနေခဲ့ပြီဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအနုပညာသည် မြန်မာ့သဘာဝ၊ မြန်မာ့ဓလေ့စရိုက်ကို ပြောင်မြောက်ပီပြင်စွာ ထင်ဟပ်ဖော်ကျူးနိုင်သည့် အဆင့်အတန်း မြင့်မားသည့်အခြေအနေကို ရှေးဦးကာလကတည်းကပင် ရောက်ရှိနေခဲ့ပြီဖြစ်ကြောင်း။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ရှင်းလင်း တင်ပြစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေးတို့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နှစ်စဉ် ကျင်းပပေးခြင်း၊ တိုင်းရင်းသားရိုးရာအကများ၊ တေးဂီတများကို ထိန်းသိမ်းအားပေးခြင်း၊ ရန်ကုန်နှင့် မန္တလေးမြို့များ၌ ယဉ်ကျေးမှုတက္ကသိုလ်များ အဆင့်မြှင့် တည်ထောင်ဖွင့်လှစ်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ပေးနေခြင်းဖြစ်။

ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာ

ယဉ်ကျေးမှုလည်းမြင့်မား၊ လူဦးရေကလည်းများသည့် အိမ်နီးချင်းနိုင်ငံကြီးများနှင့် မိမိတို့မြန်မာနိုင်ငံသည် ရှေးခေတ်ကတည်းကပင် တန်းတူရည်တူ ရင်းနှီးစွာကူးလူးဆက်ဆံခဲ့သလို တစ်ဖက်တွင်လည်း ကိုယ့်မင်းကိုယ့်ချင်း ကိုယ်ပိုင်နိုင်ငံ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေတို့ကိုထူထောင်ပြီး

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်း တင်ပြစဉ်။
(သတင်းစဉ်)

ကိုယ်ပိုင် အမျိုးသားရေးလက္ခဏာများဖြင့် ရပ်တည်နေထိုင်သော အစဉ်အလာရှိသည့် နိုင်ငံဖြစ်ကြောင်း၊ ဤအစဉ်အလာကောင်း၊ ရေခံ မြေခံကောင်း၊ အမွေခံကောင်းတို့ကြောင့် မြန်မာလူမျိုးတို့သည် မိမိတို့ သီးသီးသန့်သန့် ပျိုးထောင်လာခဲ့ကြသည့် အမျိုးသားယဉ်ကျေးမှုနှင့်ယှဉ်တွဲပြီး ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားရေးဥပဓိရုပ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရင်း ထည်ထည်ဝါဝါ ကျက်သရေရှိရှိ ရှင်သန်ရပ်တည်နေနိုင်ခြင်းဖြစ်ကြောင်း။

မလွဲမသွေထမ်းဆောင်

မြန်မာ့ယဉ်ကျေးမှု အနုပညာသည် ထိုကဲ့သို့ ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများနှင့် ရပ်တည်ထွန်းပြောင်နိုင်ခဲ့ခြင်းမှာ မိမိတို့ ဘိုးဘွား ဘီဘင်များ၏ စိတ်ဓာတ်ကောင်း၊ သတ္တိကောင်း၊ သတိကောင်း၊ ဝီရိယကောင်း၊ စွမ်းအားကောင်းတို့ကြောင့်ဖြစ်ကြောင်း၊ ထိုကဲ့သို့ အစဉ်အလာရှိသည့် အမျိုးသားရေး လက္ခဏာကောင်းများကို ထိန်းသိမ်းကာကွယ်နိုင်ရန်နှင့် မျိုးဆက်သစ်များကို လက်ဆင့်ကမ်း အမွေကောင်းပေးနိုင်ရန် သမိုင်းရေးရာအရရော၊ အမျိုးစောင့်တရားများအရပါ မလွဲမသွေ ထမ်းဆောင်ရမည့် တာဝန်သည် မိမိတို့အားလုံး၏ ပခုံးပေါ်ရောက်နေခြင်းဖြစ်ကြောင်း။

ထို့ပြင် မြန်မာ့လူ့ဘောင် အဖွဲ့အစည်း၌ နှစ်ပေါင်းရှည်ကြာ အမြစ်တွယ်ရှင်သန် ဖြစ်ထွန်းလာခဲ့သည့် တရားမျှတမှု၊ ကိုယ်ကျင့်တရားမြင့်မြတ်မှု၊ တည်ကြည်ဖြောင့်မတ်မှု ကိုယ်ချင်းစာနာမှု၊ မေတ္တာတရားထားရှိမှု စသည့် အမွန်အမြတ်တရားများ၊ ဟိရိဩတ္တပ္ပတရားနှစ်ပါးနှင့် ဗြဟ္မစိုရ်တရားလေးပါးတို့ လွှမ်းခြုံနေသည့် မြန်မာ့ရိုးရာဓလေ့စရိုက်အစဉ်အလာများနှင့် မြင့်မြတ်သည့် မြန်မာ့စိတ်ရင်းကောင်းတို့သည် မြန်မာ့အနုပညာရပ်များတွင် နက်နက်ရှိုင်းရှိုင်း စိမ့်ဝင်ထုံမွမ်းနေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ပြုစုပျိုးထောင်

ထို့ကြောင့် မြန်မာလူမျိုးတို့ကို မျိုးရိုးဂုဏ်ရှိန် မြင့်မားထည်ဝါသောလူမျိုးအဖြစ် သမိုင်းစဉ်အဆင့်ဆင့်၌ မြှင့်တင်ပေးလာခဲ့သည့် အစဉ်အလာကောင်း၊ စွမ်းရည်ကောင်းများကို ထိန်းသိမ်းမြှင့်တင်ပြီး မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းအမွေပေးနိုင်ရန်နှင့် ထိုကဲ့သို့ တန်ဖိုးကြီးမားပြီး စွမ်းအားထက်မြက်သည့် အနုပညာစွမ်းပကားကို တိုင်းပြည်နှင့်လူမျိုး မြှင့်တင်ရေးတွင် အစွမ်းထက် ထိရောက်စွာ အသုံးပြုနိုင်စေရန် အမျိုးသားရေးတာဝန်ကြီးနှင့် ဆက်စပ်ပြီး ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲကြီးများဖြင့် ပြန်လည်ဖော်ထုတ် ပြုစုပျိုးထောင်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ထိုကဲ့သို့ အနုပညာစွမ်းပကား ကြီးမားပြီး အမျိုးသားရေးအနှစ်သာရဖြင့် ယဉ်ကျေးမှုတန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ဇာတ်သဘင်၊ ရုပ်သေးသဘင်နှင့် တကွ အဆို၊ အက၊ အရေး၊ အတီးအနုပညာရပ်များကို ပြန်လည်ဖော်ထုတ် မြှင့်တင်ပေးခြင်းအားဖြင့် သက်ဆိုင်ရာ အနုပညာရပ်များအပေါ် ကျွမ်းကျင်တတ်မြောက်မှု စွမ်းရည်၊ အနုပညာရပ်များ၏ ပြည်သူများအပေါ် စည်းရုံးစေ့ဆော်နိုင်မှုစွမ်းအားတို့အပြင် ပြည်သူများ၏ အနုပညာရသသိမြင်ခံစားနိုင်မှု အရည်အသွေးကောင်းတို့ကိုပါ ပိုမိုထွန်းတောက်ပွင့်လန်းလာစေမှာ ဖြစ်ကြောင်း။

ကြီးမားကျယ်ပြန့်

အထူးသဖြင့် ယနေ့ခေတ် Globalizationအခြေအနေတွင် ကမ္ဘာ့နိုင်ငံအများစုသည် မိမိတို့၏ အမျိုးသားရိုးရာယဉ်ကျေးမှုများ ယိုယွင်းပျက်စီးပျောက်ကွယ်မသွားရအောင် ကြိုးစားထိန်းသိမ်းနေကြခြင်း ဖြစ်သည့်အတွက် မိမိတို့ထမ်းဆောင်ရမည့်တာဝန်သည် မြင့်မြတ်သကဲ့သို့ ကြီးမားကျယ်ပြန့်လှကြောင်း။

ထို့ကြောင့် မိမိတို့ကိုယ်ပိုင် အမျိုးသားရိုးရာယဉ်ကျေးမှု၏ အဆင့်အတန်းမြင့်မားမှု၊ တန်ဖိုးကြီးမားမှု၊ စနစ်ကျနမှုနှင့် ပြည့်စုံမှုတို့ကို အမှတ်မထင်ဖြစ်မနေရစေရန်၊ ယခုလို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများက တစ်ဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု၏တန်ဖိုးကို အမှတ်ထင်ထင်ဖြစ်လာစေရန်၊ တန်ဖိုးထားလေးစားလာစေရန်၊ ပိုမိုပြီးထဲထဲဝင်ဝင်စူးစူးနစ်နစ်လေ့လာလိုက်စားလာစေရန် စည်းရုံးစေ့ဆော်ပေးနိုင်ခြင်းသည် အလွန်ပင်တန်ဖိုးကြီးမား အကျိုးရှိလှကြောင်း၊ တန်ဖိုးကိုသိခြင်းအားဖြင့် တန်ဖိုးကို ထားတတ်လာ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) နှင့် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ရှင်းလင်း တင်ပြစဉ်။
(သတင်းစဉ်)

မည်ဖြစ်သလို လေးနက်မှုကို ထိတွေ့ရင်း အလေးအနက်ပြုတတ်လာကြမှာဖြစ်ကြောင်း။

အခိုင်အမာချမှတ်

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည့် လူမှုရေးဦးတည်ချက်ကို အခိုင်အမာချမှတ်ပြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နေခြင်းဖြစ်ကြောင်း။

ယဉ်ကျေးမှုနယ်ပယ်၌ ရိုးရာအစဉ်အလာ ထိန်းသိမ်းမှုလုပ်ငန်းနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းတို့ကို ဟန်ချက်ညီညီ လုပ်ကိုင်နိုင်စွမ်းရှိကြရမှာဖြစ်ကြောင်း၊ ထိုကဲ့သို့ လုပ်ကိုင်နိုင်စွမ်းရှိရေးကိစ္စသည်လည်း အနုပညာရှင်များပါဝင်သည့် ပြည်သူတစ်ရပ်လုံးသည် မျိုးရိုးဇာတိမာန်ထက်သန်ပြီး မျိုးချစ်စိတ်ဓာတ် အားကောင်းနေရန်နှင့် စည်းလုံးညီညွတ်မှုအင်အား တောင့်တင်းခိုင်မာနေရန် အရေးကြီးကြောင်း၊ တစ်နည်းအားဖြင့် အမျိုးသားရေး ကိုယ်ခံစွမ်းအားကောင်းနေရန် လိုအပ်ကြောင်း။

စည်းရုံးမြှင့်တင်

တိုင်းရင်းသားပြည်သူများ ဇာတိသွေး ဇာတိမာန်မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေး၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး စသည့် ပြည်သူများ၏ စိတ်ဓာတ်ရေးရာအခြေခံများ ရင့်သန်ခိုင်မာမြင့်မားစေရေးအတွက် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာစွမ်းအားတို့ဖြင့် စေ့ဆော်စည်းရုံးမြှင့်တင်ပေးကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **ကြွယ်ဝပြည့်စုံပြီးဖြစ်သည့် အမျိုးသားယဉ်ကျေးမှု အရင်းအမြစ်များကို နိုင်ငံနှင့်လူမျိုးမြင့်တင်ရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မှု ကာကွယ်ရေးတို့၌ တန်ဖိုးရှိရှိ အသုံးချနိုင်စေရန်အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၌ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ဖော်ထုတ်ထိန်းသိမ်းကြရင်း အမျိုးသားယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများကို တလေးတစား ချစ်ခင်မြတ်နိုး ထိန်းသိမ်းစောင့်ရှောက်လာခြင်းအားဖြင့် တူညီသည့်စိတ်ဓာတ်များ၊ ညီမျှသည့်စိတ်ဓာတ်များ၊ ညီညွတ်သည့်ရပ်တည်မှုများဖြစ်ထွန်းလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် မျိုးချစ်စိတ်ဓာတ်စွမ်းအားလည်း ပိုမိုပြီးခိုင်မာလာမည်ဖြစ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ပြည်ထောင်စုနေ့ပွဲတော်ကြီးများကဲ့သို့ အလေးအနက်ထား အားထည့်ကျင်းပသွားရန်** တိုက်တွန်းမှာကြားထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နှစ်စဉ် ကျင်းပပေးခြင်း၊ တိုင်းရင်းသားရိုးရာအကများ၊ တေးဂီတများကို ထိန်းသိမ်းအားပေးခြင်း၊ ရန်ကုန်နှင့် မန္တလေးမြို့များ၌ ယဉ်ကျေးမှုတက္ကသိုလ်များ အဆင့်မြင့် တည်ထောင်ဖွင့်လှစ်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

အနှစ်သာရရှိရှိ

ထိုကဲ့သို့ ရည်မှန်းချက်ကြီးမားစွာဖြင့် နိုင်ငံတော်အစိုးရ၏ ရှေ့ဆောင်ရှေ့ရွက်လမ်းကြောင်းမှန် ဖော်ပေးမှုအပေါ်မှာ သက်ကြီးဝါရင့် အနုပညာရှင်ကြီးများ၊ သဘင်၊ ဂီတ၊ ရုပ်စုံ၊ ရုပ်သေး၊ အက စသည့် နယ်ပယ်စုံမှ အနုပညာရှင်များ၊ မိဘပြည်သူများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ တာဝန်ရှိသူများ၊ ဦးစီးကော်မတီနှင့် အဆင့်ဆင့်သောကော်မတီများက ညီညွတ်စွာ ပေါင်းစုညှိနှိုင်းပြီး အားထုတ်လုပ်ကိုင်ခဲ့ကြသည့်အတွက် (၁၃)ကြိမ်မြောက်အထိ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးဖြစ်ကြောင်း၊ ယခု (၁၄)ကြိမ်မြောက်ပြိုင်ပွဲကြီးကိုလည်း နေပြည်တော်၌ အလားတူ အနှစ်သာရရှိရှိ စည်စည်ကားကား ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်ရာတွင် ပြည်နယ်နှင့်တိုင်းအားလုံး ဘက်စုံကဏ္ဍစုံမှ တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်လာမှသာ ဆူကြဲနိမ့်မြင့်ကွာဟချက်များ လျော့နည်းပပျောက်သွားမှာဖြစ်ကြောင်း၊ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ကျန်းမာရေးအရ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟချက်များ ကျဉ်းမြောင်းသွားစေရမှာဖြစ်သလို ယဉ်ကျေးမှုအနုပညာနယ်ပယ်တွင်လည်း အနုပညာ ရေသောက်မြစ်ခိုင်မာပြီး အမျိုးသားရေး ကိုယ်ခံစွမ်းအားများ တစ်ပြိုင်တည်း တက်လာစေရန် ပျိုးထောင်ဆောင်ရွက်ကြရန် တာဝန်ရှိကြောင်း၊ ပြည်နယ်နှင့်တိုင်းအားလုံး အနုပညာအရလက်ရည်ညီညီ ယှဉ်ပြိုင်လာနိုင်စေရန် ကြိုတင်လေ့ကျင့် ပညာပေးမှုများကို ပြုလုပ်ပေးနေပြီလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ညှိနှိုင်းအစည်း အဝေးတွင် ပြိုင်ပွဲကြီးကို ထိထိမိမိ ကျင်းပနိုင်ရန်အတွက် တင်ပြဆွေးနွေးကြရန်ဖြစ်ကြောင်း။

အထောက်အကူပြု

အချုပ်အားဖြင့် နိုင်ငံနှင့်လူမျိုး၏ အနာဂတ်အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် မိမိတို့တွင် စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းလိုက်နာမှု၊ ကြံ့ခိုင်မှု၊ စွမ်းရည်ရှိမှုတို့ကို အခြေခံသည့် စည်းလုံးညီညွတ်မှုရှိကြရမည်ဖြစ်ကြောင်း၊ သို့မှလည်း ကျစ်လျစ်ခိုင်မာသည့် တစည်းတလုံးတည်းသော စွမ်းအားကို ရရှိမှာဖြစ်ကြောင်း၊ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးသည် ပြည်ထောင်စုကြီး၏ အနာဂတ်အရေးအတွက် တစည်းတလုံးတည်းသော စွမ်းအားကို ပြုစုပျိုးထောင်ပေးရာတွင် ထိထိရောက်ရောက် အထောက်အကူပြုနိုင်စွမ်းရှိသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားယဉ်ကျေးမှု အနုပညာမှတ်တိုင်များကို တစ်နှစ်ပြီး တစ်နှစ် ခိုင်ခိုင်မာမာထူထောင်နိုင်ရန် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများကို ကျင်းပနေခြင်းဖြစ်သည်ဆိုသည့် လေးနက်သော ယုံကြည်ချက်နှင့် (၁၄)ကြိမ်မြောက်ပြိုင်ပွဲကြီးအတွက် လိုအပ်ချက်များ တင်ပြညှိနှိုင်းပြင်ဆင်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ယခင်နှစ် (၁၃)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ ဘာသာရပ်အလိုက် ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ခဲ့မှုအခြေအနေများ၊ အတွေ့အကြုံများနှင့် ယခုနှစ်၌ ကျင်းပမည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကိုလည်း ယခင်နှစ် ရန်ကုန်မြို့၌ကျင်းပခဲ့သည့်နည်းတူ ယခုနှစ်တွင် နေပြည်တော်၌ စနစ်တကျ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) နှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးအတွက် နေ့ရက်၊ အချိန်၊ နေရာ လျာထားမှုများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုများ၊ ဘာသာရပ်အလိုက် ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရန်ပုံငွေလှူဒါန်း

ဆက်လက်၍ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရန်ပုံငွေရရှိရေး စီစဉ် ဆောင်ရွက်ထားမှုအခြေအနေများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ပြည်သူတို့အတွင်း စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ပြိုင်ပွဲများ စနစ်တကျကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲဝင်များ စိတ်အေးချမ်းမြေ့စွာ နေထိုင်သွားလာ ပြိုင်ပွဲဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ကူညီပံ့ပိုးစီမံဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော တာဝန်ရှိပုဂ္ဂိုလ်များ၊ သဘင်၊ ဂီတ၊ အနုပညာရှင်များက ပြိုင်ပွဲများအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးမှာကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အစည်းအဝေးသို့ တက်ရောက်လာကြသော သဘင်၊ ဂီတအနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဦးတည်ချက်

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို (၁) မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်မြင့်မားရန်၊ (၂) မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊ (၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊ (၄) မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများထိန်းသိမ်းရန်၊ (၅) လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊ (၆) တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊ (၇) စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန် ဟူသည့် ဦးတည်ချက်(၇)ရပ်ဖြင့် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဗားကရာပရိယတ္တိ စာအောင်ဘွဲ့နှင်းသဘင်

ရန်ကုန် ဇူလိုင် ၃၀

စမ်းချောင်းမြို့နယ် ဗားကရာတိုက် အုပ်ချုပ်ရေး မဟာနာယက ဆရာတော်ကြီးများကြီးမှူး၍ (၁၅)ကြိမ်မြောက် ဗားကရာ ပရိယတ္တိစာမေးပွဲအောင် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဝါခေါင်လပြည့်နေ့ (ဩဂုတ် ၈ ရက်) မွန်းတည့် ၁၂ နာရီတွင် ကိုးထပ်ကြီးဘုရား အရဏ်ခံ တန်ဆောင်းကြီး၌ ကျင်းပမည်ဖြစ်သည်။

ဩဝါဒါ ဆရာတော်ကြီးများ၊ ကြီးကြပ်ဆရာတော်များနှင့် စာအောင်သံဃာတော်များအား သန္တိသုခဓမ္မာရုံကြီးတွင် နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ပြီး စာအောင်သံဃာတော်များအား ဘွဲ့နှင်းသဘင် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ သာသနဟိတကာရီ အသင်းက ဆောင်ရွက်လျက်ရှိသော ရင်ပြင်တော်ပေါ်ရှိ အလှူခံဌာနသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၂၉)**

ပြည့်စုံအေးရိပ်သာ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၃၀

မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာလမ်းမကြီးပေါ်ရှိ ပြည့်စုံအေးသာသနာ့ရိပ်သာ ပဓာန နာယက တောင်ငူဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုဇာတက ကြီးမှူး၍ (၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဩဂုတ် ၈ ရက် နံနက် ၇ နာရီတွင် အဆိုပါရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ သင်္ကန်းဒိုစုံ တစ်စုံကျပ် ၃၀၀၀ဖြင့် လှူဒါန်းလိုသူများသည် ဖုန်း–၆၉၀၀၃၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ပြန်လည်ရောက်ရှိ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ခဲ့

နေပြည်တော် ဇူလိုင် ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် (၃၉)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ဇူလိုင်၂၉ ရက်က ပြန်လည်ရောက်ရှိခဲ့သည်။

ပူးပေါင်းဆောင်ရွက်မှု

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းသည် ဇူလိုင်၂၄ ရက်တွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော ညစာစားပွဲသို့လည်းကောင်း၊ ဇူလိုင်၂၅ ရက်တွင် ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးသို့လည်းကောင်း တက်ရောက်ခဲ့သည်။ အလုပ်သဘော ညစာစားပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းသည် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ အမျိုးသားညီလာခံ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ မြန်မာနိုင်ငံ၏ အမျိုးသားရေးပြန်လည်သင့်မြတ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သိမ်မွေ့နက်နဲမှုရှိပုံများကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများက ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်တွင် ယင်းအချက်ကို ထည့်သွင်းဖော်ပြခဲ့ပြီး ယင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အချိန်လိုအပ်ကြောင်းကို အသိအမှတ်ပြုလျက် အာဆီယံအနေဖြင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးတွင် အရှေ့အလယ်ပိုင်း၌ လတ်တလောဖြစ်ပွားနေသောကိစ္စနှင့် ကိုရီးယားကျွန်းဆွယ်တွင် တိုက်ချင်းပစ်ဒုံးပျံစမ်းသပ်မှုတို့အပေါ် အလေးအနက်ထား ဆွေးနွေးခဲ့ကြပြီး ယင်းကိစ္စရပ်များနှင့် ပတ်သက်၍ အာဆီယံနိုင်ငံများအနေဖြင့် စိုးရိမ်မကင်းဖြစ်ကြောင်းကို သီးခြားကြေညာချက်များ ထုတ်ပြန်ခဲ့သည်။ ထို့အပြင် အရှေ့အလယ်ပိုင်းဒေသရှိ လက်ဘနွန်နိုင်ငံတွင် အစ္စရေးတို့ တိုက်ခိုက်မှုကြောင့် ပိတ်မိနေသည့် အာဆီယံနိုင်ငံသားများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းရာတွင် သံရုံးမရှိသည့် အာဆီယံနိုင်ငံများမှ နိုင်ငံသားများအတွက် ယင်းနိုင်ငံရှိ အခြားအာဆီယံ သံရုံးများက အကူအညီပေးရေးကိုလည်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ပါဝင်လက်မှတ်ရေးထိုး

ထို့အပြင် ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ အာဆီယံမူဘောင် သဘောတူညီချက်ကိုလည်း အာဆီယံနိုင်ငံအားလုံးမှ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းမူဘောင် သဘောတူညီချက်အရ နှစ်နိုင်ငံ နောက်ဆက်တွဲ သဘောတူစာချုပ်များ ထပ်မံလက်မှတ်ရေးထိုးပြီးချိန်တွင် သာမန် နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သည့် အာဆီယံနိုင်ငံသားသည် အခြားအာဆီယံနိုင်ငံများသို့ ၁၄ ရက်အထိ ဗီဇာမလိုဘဲ သွားရောက်ခွင့်ရရှိနိုင်မည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်မှုသည် အာဆီယံအသိုက်အဝန်းတည်ဆောက်မှု၏ ခြေလှမ်းတစ်ရပ်လည်းဖြစ်သည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဦးညဏ်ဝင်းသည် ဇူလိုင် ၂၆ ရက်တွင် အာဆီယံနှင့် ဂျပန်၊ တရုတ်၊ ကိုရီးယားသမ္မတနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်သည့် အာဆီယံ+၃ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထို့အပြင် အရှေ့အာရှ ထိပ်သီးညီလာခံတွင် ပါဝင် တက်ရောက်သည့် နိုင်ငံ ၁၆ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ပြီး အရှေ့အာရှ ပထမအကြိမ် ထိပ်သီးအစည်းအဝေးမှ ခေါင်းဆောင်များ ချမှတ်ခဲ့သည့် လမ်းညွှန်မှုများကို အကောင်အထည် ဖော်ရေးအတွက် ညှိနှိုင်းခဲ့သည်။

တက်ရောက်ခဲ့

မြန်မာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အာဆီယံ ဝန်ကြီးအဆင့် အစည်းအဝေးအပြီး ဇူလိုင် ၂၇ ရက်တွင် အာဆီယံနှင့် ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယ၊ ကနေဒါ၊ ရုရှားဖက်ဒရေးရှင်းနှင့် အမေရိကန်ပြည်ထောင်စု စသည့် ဆွေးနွေးဖက် နိုင်ငံများနှင့် တစ်နိုင်ငံချင်းစီ ပြုလုပ်သည့် ဝန်ကြီးအဆင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ ယင်း အစည်းအဝေးများအပြီးတွင် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်ဆံရေးတွင် နိုင်ငံအလိုက် ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်မည့် နိုင်ငံများ အလှည့်ကျပြောင်းရွှေ့မှုကို ကြေညာခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ–နယူးဇီလန်နိုင်ငံ ဆက်ဆံရေးတွင် နိုင်ငံ ညှိနှိုင်းရေးမှူးအဖြစ် ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်သည်။ ဆွေးနွေးဖက်နိုင်ငံများနှင့် ကျင်းပသည့် ဝန်ကြီးများအဆင့် အစည်းအဝေးများအပြီးတွင် အာဆီယံ–ကနေဒါ နိုင်ငံတကာအကြမ်းဖက်မှုများ တိုက်ဖျက်ရေး ပူးတွဲကြေညာချက်ကိုလည်းကောင်း၊ အာဆီယံ–အမေရိကန် ပြည်ထောင်စု မိတ်ဖက် တိုးမြှင့်ဆောင်ရွက်မှုကြေညာချက်ကို အကောင်အထည်ဖော်သည့် လုပ်ငန်းအစီအစဉ်တို့ကို လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။

ဇူလိုင် ၂၈ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံဒေသဆိုင်ရာ ဖိုရမ်(အေအာရ်အက်ဖ်) ဝန်ကြီးအဆင့် (၁၃)ကြိမ်မြောက်အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ၂၆ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံခဲ့သည်။ ယင်းအစည်းအဝေးတွင် အကြမ်းဖက်မှုများ တိုက်ဖျက်ရေးတွင် ပြည်သူများကို ဗဟိုပြု ချဉ်းကပ်သည့်နည်းလမ်းကို အသုံးပြုရေးဆိုင်ရာ အေအာရ်အက်ဖ် ကြေညာချက်၊ ဘေးအန္တရာယ်များ စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ အေအာရ်အက်ဖ်ကြေညာချက်နှင့် ကွန်ပျူတာကွန်ရက်များကို ထိုးနှက်တိုက်ခိုက်မှုနှင့် အင်တာနက်ကို အလွဲသုံး၍ အကြမ်းဖက်မှုများ ကျူးလွန်ရန် သွေးထိုးမှုများကို တိုက်ဖျက်ရာတွင် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ အေအာရ်အက်ဖ် ကြေညာချက်တို့ကို ထုတ်ပြန်ခဲ့သည်။ ယင်းအစည်းအဝေးမှ အေအာရ်အက်ဖ်၏ ၂၇ နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ် သီရိလင်္ကာနိုင်ငံအား ၂၀၀၇ ခုနှစ်တွင်ကျင်းပမည့် (၁၄)ကြိမ်မြောက် အေအာရ်အက်ဖ် ဝန်ကြီးအဆင့် အစည်းအဝေးတွင် လက်ခံရန် ဆုံးဖြတ်ခဲ့သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဦးညဏ်ဝင်းသည် အစည်းအဝေးများ ကာလအတွင်းတွင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒါတို ဆေရီ ဆာအိဟာမစ် အယ်လ်ဘာအား လည်းကောင်း၊ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လီကျောက်ရှင်းအား လည်းကောင်း၊ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အလက်ဇန္ဒားဒေါင်းနားအား လည်းကောင်း သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူကိစ္စများကို ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း အာဆီယံ–အမေရိကန်ပြည်ထောင်စု မိတ်ဖက်တိုးမြှင့်ဆောင်ရွက်မှု ကြေညာချက်ကို အကောင်အထည်ဖော်သည့် လုပ်ငန်းအစီအစဉ်တွင် ပါဝင်လက်မှတ်ရေးထိုးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊အမှတ်(၁၅)ဖြန့်ချိမည်

ရန်ကုန် ဇူလိုင် ၃၀

ဝါခေါင်လ၏ ခတ္တာပန်းတို့နှင့်အတူ ဒို့ကျေးရွာဂျာနယ်အတွဲ(၃)၊အမှတ်(၁၅)ကို ၂၀၀၆ ခုနှစ် ဩဂုတ် ၁ ရက်တွင် ထုတ်ဝေမည်ဖြစ်သည်။ **(ဝဲပုံ)**

ယခုအပတ်ဂျာနယ်တွင် နေကြာပင်မှ ရော်ဘာထုတ်ယူနိုင်၊ ဖျက်ပိုးများအကြောင်း တစေ့တစောင်း၊ မျိုးစေ့နှင့် မျိုးဆန်၊ ပြောင်းဖူးစိုက်ပျိုး ဝင်ငွေတိုးအကျိုးများမည့် ဒို့တိုင်းပြည် စသည့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများ၊ ကြက်များတွင်ဖြစ်ပွားသော အူရောင်ဖျားရောဂါ၊ အိမ်မွေးတိရစ္ဆာန်များနှင့် အပ်စိုက်ကုသမှု၊ သန်ကောင်ရောဂါအကြောင်း သိကောင်းစရာ၊ နို့စားဆိတ်များ မွေးမြူနည်း စသည့် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများနှင့် ကျေးလက်ပြည်သူတို့ ဗဟုသုတဖြစ်ဖွယ်ဆောင်းပါးများ၊ သတင်း၊ ဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်း စသည်ဖြင့် သုတ၊ ရသစုံလင်စွာ ဖော်ပြထားသည်။ ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူကြော်ငြာများကို အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း–၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(က–ပ)**

ဆီးချိုရောဂါနှင့် ခံတွင်းကျန်းမာရေး

ဒေါက်တာညီညီ

ယနေ့ကမ္ဘာတွင် ကူးစက်ရောဂါ မဟုတ်သော်ငြားလည်း လူအများအတွင်း ပျံ့နှံ့ဖြစ်ပွားနေသည့် နာတာရှည်ရောဂါ တစ်မျိုးဖြစ်သော၊ ရောဂါဖြစ်ခါစတွင် လူနာအဖို့ အနေအစား၊ အသွားအလာ မပျက်သဖြင့် ရောဂါရှိနေမှန်း အလွယ်တကူ မသိနိုင်သော၊ ရောဂါရှိမှန်းသိသည်မှစ၍ ရောဂါကို ထိန်းချုပ်သောဆေးဝါး၊ အစားအစာတို့ဖြင့်သာ အရှည်သဖြင့် ရပ်တည်ရသော ရောဂါကို ကောင်းမွန်စွာ ထိန်းမထားနိုင်လျှင် ရောဂါရင့်လာသည်နှင့်အမျှ ကိုယ်တွင်းအင်္ဂါတို့ကို တတိတိဖျက်ဆီးကာ အသက်အန္တရာယ်ပြုနိုင်သဖြင့် အသံတိတ် လူသတ်သမားဟု တင်စားခေါ်ဝေါ်သော ရောဂါမှာ ဆီးချိုရောဂါဖြစ်သည်။

ဆီးချိုရောဂါဟူသည် သွေးအတွင်း အချိုဓာတ်ထိန်းနိုင်မှုစွမ်းရည် ချို့တဲ့သဖြင့် အချိုဓာတ် ပုံမှန်ထက်များနေသော ရောဂါဖြစ်ပြီး ခန္ဓာကိုယ်၏ ဇီဝဖြစ်စဉ်တွင် “ပန်ကရိယ” အကျိတ်မှထွက်သော “အင်ဆူလင်” ဟိုမုန်းက သွေးအချိုဓာတ်ကို ပုံမှန်ထက်မများအောင် ထိန်းပေးပါသည်။ အင်ဆူလင်သည် သွေးတွင်းရှိ အချိုဓာတ်ကို ခန္ဓာကိုယ်ရှိဆဲလ်များသို့ ပို့ဆောင်ပေးပြီး ဆဲလ်များ၏ လုပ်ငန်းဆောင်တာအတွက် လိုအပ်သည့်စွမ်းအင်ကို ယင်းအချိုဓာတ်မှ ရယူသုံးစွဲစေကာ နေ့စဉ် ရှင်သန်လှုပ်ရှားစေသည်။ ပိုလျှံသော အချိုဓာတ်ကိုမူ အသည်းတွင် ဂလိုင်ကိုဂျင်အဖြစ်လည်းကောင်း၊ အသားဓာတ်အဖြစ်လည်းကောင်း၊ အဆီဓာတ်အဖြစ်လည်းကောင်း ပြောင်းလဲပြီး စွမ်းအင်ကို စုဆောင်းသိုလှောင်စေသည်။ ဆဲလ်များအတွက် စွမ်းအင်လိုအပ်သည့်အခါမှ အသည်းမှဂလိုဂျင်သည် ပြိုကွဲပြီး ဂလူးကို့စ် အဖြစ်လည်းကောင်း၊ အသားဓာတ်ပြိုကွဲပြီး အမိုင်နိုအက်ဆစ်အဖြစ် လည်းကောင်း၊ အဆီဓာတ်ပြိုကွဲပြီး အဆီအက်ဆစ်နှင့် ကီတုန်းဘော်ဒီဟု ခေါ်သော ပစ္စည်းများအဖြစ်လည်းကောင်း ပြောင်းလဲကာ လိုအပ်သောစွမ်းအင်ကို ရရှိစေပါသည်။

ဆီးချိုရောဂါ ဖြစ်သည့်အခါတွင်မူ ပန်ကရိယမှ အင်ဆူလင် မထုတ်လုပ်နိုင်ခြင်းကြောင့်သော်လည်းကောင်း၊ အင်ဆူလင်ထုတ်လုပ်မှု လျော့နည်းလာခြင်းကြောင့်သော်လည်းကောင်း၊ ဆဲလ်များက အင်ဆူလင်၏ စွမ်းရည်အပေါ် ခံနိုင်ရည်ရှိလာခြင်းကြောင့်သော်လည်းကောင်း ခန္ဓာကိုယ်၏ ဇီဝဖြစ်စဉ်များပြောင်းလဲကာ သွေးတွင်းအချိုဓာတ် ထိန်းနိုင်မှုစွမ်းရည် ချို့တဲ့လာရာမှ အချိန်ကြာမြင့်လာသည်နှင့်အမျှ အခြားရောဂါလက္ခဏာများပါ ဆင့်ပွားဖြစ်ပေါ်စေသည်။ **ဆီးချိုရောဂါမှ ဆင့်ပွားဖြစ်စေနိုင်သော အခြားရောဂါလက္ခဏာများမှာ (၁) မျက်စိတွင် အမြင်လွှာပျက်စီးခြင်း (မျက်စိကွယ်ခြင်း)၊ (၂) ကျောက်ကပ်ရောဂါဖြစ်ခြင်း၊ (၃)ခန္ဓာကိုယ်တွင် အာရုံကြောများထိခိုက်ခြင်း၊ (၄) သွေးကြောကျဉ်းရောဂါများ ဖြစ်ခြင်း၊ (၅) ကလေးမွေးဖွားခြင်းဆိုင်ရာ ရှုပ်ထွေးခက်ခဲမှုများ ဖြစ်ခြင်း**တို့ ဖြစ်ကြသည်။ ယခုအခါတွင် ဆီးချိုရောဂါနှင့် ခံတွင်း၌ဖြစ်သည့် နာတာရှည် ရေစီးကမ်းပြိုရောဂါတို့၏ ဆက်နွှယ်မှုသာဓကများကြောင့် ရေစီးကမ်းပြိုရောဂါကို ဆီးချို၏ ဆဋ္ဌမမြောက် ဆင့်ပွားဖြစ်ပေါ်သော ရောဂါတစ်ရပ်အဖြစ် သတ်မှတ်ဖော်ပြကြပေပြီ။

ဆီးချိုရောဂါကို အဓိကအားဖြင့် သုံးမျိုးခွဲခြားနိုင်သည်။ ပထမအမျိုးအစားမှာ ကိုယ်ခံစွမ်းအင်စနစ်၏ ဖျက်ဆီးမှုကြောင့် ပန်ကရိယမှ အင်ဆူလင်ထုတ်လုပ်နိုင်သော ဘီတာဆဲလ်များ တဖြည်းဖြည်းပျက်စီးလာပြီး အင်ဆူလင်ထုတ်လုပ်မှု နှေးကွေးလာရာမှ နောက်ပိုင်းတွင် လုံးဝမထုတ်လုပ်နိုင်တော့ဘဲ အင်ဆူလင်လုံးလုံးလျားလျား ချို့တဲ့သောရောဂါဖြစ်သည်။ ယင်းအမျိုးအစားသည် အသက် ၃၀ မတိုင်မီ ဖြစ်လေ့ရှိသဖြင့် လူငယ်ဆီးချိုဟုခေါ်ပြီး ဆီးချိုရောဂါသည်များ၏ ၁၀ ရာခိုင်နှုန်းခန့် ဖြစ်ပွားလျက်ရှိသည်။ ထိုရောဂါသည်များအဖို့ အင်ဆူလင်ထိုးဆေးနှင့် အမြဲတမ်းကုသမှုခံယူရန် လိုအပ်သဖြင့် အင်ဆူလင်မှီခို ဆီးချိုဟုလည်း ခေါ်ပါသည်။

ဒုတိယအမျိုးအစားမှာ ခန္ဓာကိုယ်ရှိဆဲလ်များက အင်ဆူလင်၏ စွမ်းရည်အပေါ် ခံနိုင်ရည်ရှိလာခြင်းကြောင့်ဖြစ်ပြီး ပန်ကရိယမှ အင်ဆူလင် ထုတ်လုပ်မှုလျော့နည်းလာခြင်း၊ အသည်းမှ ဂလူးကို့စ် ပိုမိုထုတ်လုပ်ခြင်းတို့နှင့်လည်း ဆက်နွှယ်ပါသည်။ ယင်းအမျိုးအစားသည် အများအားဖြင့် အသက် ၃၀ ကျော်မှ ဖြစ်လေ့ရှိသဖြင့် လူကြီးဆီးချိုဟုခေါ်ပြီး ဆီးချိုရောဂါသည်များ၏ ၉၀ ရာခိုင်နှုန်းခန့် ဖြစ်ပွားလျက်ရှိသည်။ ယင်းလူနာများအဖို့ ခန္ဓာကိုယ်တွင် ရှိနှင့်ပြီးဖြစ်သော အင်ဆူလင်၏ စွမ်းရည်ကို ပိုမိုမြင့်မားလာစေရန် အစားအသောက် ပုံစံပြောင်းလဲခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ကိုယ်အလေးချိန် လျှော့ချခြင်းနှင့် ဆီးချိုကိုထိန်းသော သောက်ဆေးများ မှီဝဲခြင်းတို့ဖြင့် သွေးတွင်းအချိုဓာတ်ကို ထိန်းထားနိုင်ပါသည်။

တတိယအမျိုးအစားမှာ အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ်ကာလတွင် ဖြစ်လေ့ရှိသော ဆီးချိုရောဂါဖြစ်သည်။ ယင်းအခြေအနေသည် ကိုယ်ဝန်မဆောင်ခင်က ရောဂါလက္ခဏာ မထင်ရှားသဖြင့် မသိခဲ့သော နဂိုကတည်းက ရှိနှင့်ပြီးသား ဆီးချိုသည် ကိုယ်ဝန်ဆောင်စဉ်ကာလမှာ စတင်တွေ့ရှိခြင်း ဖြစ်နိုင်သကဲ့သို့ မူလက ဆီးချိုမရှိဘဲ ကိုယ်ဝန်ဆောင်စဉ်ကာလ ဟိုမုန်းအပြောင်းအလဲကြောင့် သွေးတွင်း အချိုဓာတ်မြင့်မားလာခြင်းလည်း ဖြစ်နိုင်ပါသည်။

အထက်ပါ အမျိုးအစားများအပြင် မျိုးရိုးဗီဇဆိုင်ရာ ဘီတာဆဲလ်များ ချွတ်ယွင်းခြင်း၊ မျိုးရိုးဗီဇဆိုင်ရာ အင်ဆူလင်စွမ်းရည် ချို့တဲ့ခြင်း၊ ပန်ကရိယတွင် ရောဂါဖြစ်ခြင်း၊ အခြားအကျိတ်များဖြစ်သည့် အက်ဒရီနယ်၊ ပစ်ကျူတရီနှင့် သိုင်းရွိုက်အကျိတ်များတွင် ရောဂါရှိနေခြင်း၊ ဆေးဝါးနှင့် ဓာတုပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးက ပန်ကရိယကို ထိခိုက်ခြင်း၊ ကူးစက်ရောဂါပိုးများက ပန်ကရိယကို တိုက်ခိုက်ခြင်း စသည်တို့ကြောင့်လည်း ဆီးချိုရောဂါဖြစ်စေနိုင်သည်။

မည်သို့ပင်ဖြစ်စေ ကာယကံရှင်အနေဖြင့် အင်ဆူလင်ထိုးဆေး၊ သောက်ဆေး၊ အစားအသောက်နှင့် လေ့ကျင့်ခန်းတို့ဖြင့် ရောဂါကို ထိန်းချုပ်ထားခြင်းမှလစ်ဟင်း၍ သွေးတွင်းအချိုဓာတ် ထိန်းနိုင်မှု ချွတ်ယွင်းလာသည်နှင့်အမျှ မလိုလားအပ်သော အခြားရောဂါလက္ခဏာများ ရှုပ်ထွေးဖြစ်ပေါ်လာနိုင်ပေရာ လူအများ သတိမမူမိတတ်သော ဆီးချိုကြောင့် ခံတွင်း၌ဖြစ်တတ်သည့် ရောဂါလက္ခဏာများကို တင်ပြလိုပေသည်။

တံတွေးခန်းခြောက်ခြင်း(အာခေါင်ခြောက်ခြင်း)သည် ဆီးချိုရောဂါသည်များတွင် သွေးတွင်းအချိုဓာတ် မြင့်မားနေသည့် လက္ခဏာဖြစ်ပြီး တစ်ခါတစ်ရံ လျှာနှင့်ပါးစောင်အမြှေးပါးသည် ပြောင်ချောနီရဲနေ၍ ပူလောင်သော ခံစားမှုဖြစ်လာတတ်သည်။ တံတွေးခန်းခြောက်လျှင် ခံတွင်း၌ ဘက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့်မှိုရောဂါပိုးများကြောင့် ဖြစ်တတ်သော အနာများ ဖြစ်လွယ်လေ့ရှိပြီး အများအားဖြင့် မှိုကြောင့်ဖြစ်သည့် ခံတွင်း မှက္ခရုအနာများ ဖြစ်လေ့ရှိသည်။ ထို့ပြင် တံတွေးခန်းခြောက်လျှင် သွားဖုံးရောင်ရောဂါ၊ သွားပိုးစားရောဂါနှင့် သွားမြစ်ရင်းပြည်တည်နာများ ဖြစ်လွယ်စေသည်။ ခံတွင်း၌ဒဏ်ရာ အနာတရဖြစ်လျှင်လည်း အနာကျက်နှေးတတ်ပါသည်။

ခံတွင်းရောဂါများအနက် ရေစီးကမ်းပြိုရောဂါသည် လူကြီးဆီးချိုရောဂါသည်များတွင် အဖြစ်အများဆုံးဖြစ်ပြီး အထူးသဖြင့် သွေးတွင်းအချိုဓာတ် ထိန်းနိုင်မှု ညံ့ဖျင်းနေသောအခြေအနေနှင့် ဆက်နွှယ်ပါသည်။ ဆီးချိုလူနာတွင် ရေစီးကမ်းပြိုရောဂါရှိနေလျှင် သွေးတွင်းအချိုဓာတ် ထိန်းနိုင်မှု ပျက်ယွင်း၍ အချိုဓာတ် မြင့်မားလာပြီး ရေစီးကမ်းပြိုရောဂါသည်လည်း ဆိုးရွားသော နာတာရှည်အဆင့်သို့ ပြောင်းလဲကာ သွားခြေတွင် ကလိုင်(pockets)များ သွားရွတ်လွှာပြည်တည်နာများ ဖြစ်စေသည်။ ထိုမှ တစ်ဆင့် သွားမြစ်ရင်းအရိုးများ လျင်မြန်စွာပျက်စီး၍ သွားများ ယိုင်နဲ့လာကာ ကျွတ်ထွက်ဆုံးရှုံးမှုဖြစ်စေသည်။ ခန္ဓာကိုယ်တွင်လည်း သွေးတွင်း အချိုဓာတ် အဆမတန် မြင့်တက်လာလျှင် သွေးထဲ၌ အဆီအက်ဆစ်နှင့် ကီတုန်းဘော်ဒီများ အလွန်များပြားကာ လူနာသည် သတိလစ်မေ့မြောသည်အထိ ဖြစ်နိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ ဆီးချိုရောဂါသည်များအဖို့ ရေစီးကမ်းပြိုရောဂါ အပါအဝင် ခံတွင်းရောဂါများကို ကုသမှုခံယူခြင်းသည် သွေးတွင်း အချိုဓာတ် ထိန်းနိုင်မှု၌ အထောက်အကူဖြစ်စေနိုင်ကြောင်း ခိုင်မာသော သာဓကများရှိနေပါပြီ။ သို့ဖြစ်ရာ ဆီးချိုရောဂါသည်များသည် မိမိတို့၏ ဆီးချိုအခြေ အနေကို ဆရာဝန်နှင့်ပုံမှန်ပြသ၍ စစ်ဆေးကုသမှု ခံယူသကဲ့သို့ ခံတွင်းတွင်လည်း အနာရောဂါများ ရှိ၊ မရှိ သွားနှင့်ခံတွင်း ဆေးခန်းများသို့ အနည်းဆုံး ခြောက်လတစ်ကြိမ် သွားရောက်ပြသ စစ်ဆေးခြင်းဖြင့် ဆီးချိုကို ထိန်းချုပ်ရာ၌ အကျိုးဖြစ်ထွန်းစေနိုင်ပါသည်။

ဆီးချိုရောဂါသည်များအဖို့ တစ်ကိုယ်ရေ ခံတွင်းသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ခြင်းသည်လည်း ခံတွင်းရောဂါများ ကင်းဝေးစေပြီး ဆီးချိုကို ထိန်းချုပ်ရာတွင် အထောက်အပံ့ဖြစ်စေနိုင်သဖြင့် အစာစားပြီးတိုင်း ပလုတ်ကျင်းခြင်း၊ သွားပွတ်ကြိုးအသုံးပြု၍ သွားကြားများ သန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် စနစ်မှန်သွားတိုက်ခြင်းတို့ကို ပုံမှန်ဆောင်ရွက်သင့်သည်။ ဖလိုရိုဒ်ပါသော ခံတွင်းသန့်ဆေးရည်နှင့် သွားတိုက်ဆေးများ အသုံးပြုလျှင် သွားရောဂါ ကင်းဝေးရေးအတွက် အထောက်အကူ ဖြစ်စေပါသည်။

သွားတုအံကပ်တပ်ဆင်သူ ဆီးချိုရောဂါသည်များအနေဖြင့် အစာစားပြီးတိုင်း အံကပ်ကိုဖြုတ်၍ ဆေးကြောခြင်း၊ သွားတိုက်ခြင်း၊ လျှာသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ညအိပ်ရာဝင်ချိန်တွင် အံကပ်ဖြုတ်ထားခြင်းတို့ကို ဆောင်ရွက်ရပါမည်။ အသေစိုက်ထားသော စိုက်သွားနှင့် အံကပ်တို့၏ အနားသတ်အစွန်းများသည် ခံတွင်းအမြှေးပါးနှင့် လျှာကို ထိခိုက်ရှနာဖြစ်နေလျှင် သွားဆရာဝန်ထံသို့ အမြန်ဆုံး သွားရောက်ပြသပြီး သွားတုများကို ပြုပြင်ရပါမည်။ ထို့ပြင် ခံတွင်း၌ ဒဏ်ရာအနာတရဖြစ်လျှင် ရောဂါပိုးကူးစက်လွယ်သဖြင့် ခံတွင်းအနာများကို အတတ်နိုင်ဆုံး ဆောလျင်စွာ ကုသမှုခံယူသင့်သည်။ ခံတွင်းမှက္ခရုကဲ့သို့ အနာများဖြစ်နေလျှင် သွေးတွင်းအချိုဓာတ် မြင့်မားနေသော လက္ခဏာဖြစ်သဖြင့် မပေါ့ဆသင့်ပါ။ ခံတွင်း မှက္ခရုအနာအတွက် သင့်တော်သော ဆေးကို ရွေးချယ်ရာတွင် အချို့မှိုသတ်ဆေးသည် သကြားဓာတ်ပါဝင်မှုရှိပြီး (ဥပမာ– Clotrimazole troches) အချို့သည် အသည်းပျက်စီးမှုဖြစ်စေနိုင်သဖြင့် (ဥပမာ-Ketaconazole) ချင့်ချိန်ရွေးချယ်တတ်ဖို့ လိုအပ်ပါသည်။

ဆေးလိပ်သောက်လေ့ရှိသူ ဆီးချိုရောဂါသည်များသည် ဆေးလိပ်မသောက်တတ်သူများထက် သွားဖုံးရောင်ရောဂါ ဖြစ်ပွားစေနိုင်သည့် အန္တရာယ်မှာ ငါးဆပိုမိုပြီး ရေစီးကမ်းပြိုရောဂါ ဖြစ်ပွားစေနိုင်သည့် အန္တရာယ်မှာ အဆနှစ်ဆယ် ပိုမိုနိုင်သဖြင့် ဆေးလိပ်သောက်သည့်အကျင့်ကို အမြန်ဆုံးဖြတ်သင့်ပါသည်။ ကွမ်းစားခြင်းသည်လည်း သွားများပျက်စီးစေ၍ ခံတွင်းအနာများ ဖြစ်နိုင်သဖြင့် အတတ်နိုင်ဆုံး ရှောင်ကြဉ်သင့်သည်။ အရက်သောက်ခြင်းသည် ခံတွင်းကျန်းမာရေးကို သိသာစွာ မထိခိုက်သော်လည်း ကိုယ်တွင်းဇီဝဖြစ်စဉ်ကို တိုက်ရိုက်ပြောင်းလဲစေကာ သွေးတွင်းအချိုဓာတ် ထိန်းနိုင်မှုကိုရှုပ်ထွေးစေသည်။ ခန္ဓာကိုယ်တွင် အဆီစုပြီး ဝဖြိုးစေသည်။ အင်ဆူလင်ထိုးဆေး (သို့မဟုတ်)ဆီးချိုစားဆေး မှီဝဲနေသူများသည် အရက်သောက်ခြင်းကြောင့် သွေးတွင်းအချိုဓာတ် လျော့နည်းသွားနိုင်ပြီး နောက်ဆက်တွဲအနေဖြင့် အားနည်းခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ရင်တုန်ခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ ချွေးထွက်များခြင်း၊ မူးဝေခြင်း၊ သတိလစ်ခြင်းအထိဖြစ်စေနိုင်ပါသည်။

ဆီးချိုရောဂါသည်များအတွက် သင့်တော်သော အစားအစာများမှာ ဆန်ကြမ်း၊ ဂျုံကြမ်းနှင့်ပြုလုပ်သော ထမင်း၊ ပေါင်မုန့်၊ အချိုနည်းသော သစ်သီး၊ ဟင်းသီးဟင်းရွက်၊ အသား၊ ငါး၊ ပဲအမျိုးမျိုး၊ ကော်ဖီ၊ လက်ဖက်ရည်(သကြားမပါ)၊ ဟင်းရွက်ဆီ၊ အိုမီဂါ-၃ ငါးကြီးဆီ၊ အချိုနည်းသော မုန့်မျိုးစုံ စသည်တို့ဖြစ်ပြီး သကြား၊ ထန်းလျက်၊ ကြံသကာ၊ ပျားရည်၊ အချိုရည်၊ ချောကလက်၊ ရေခဲမုန့်၊ ဝိုင်၊ အရက်၊ ဘီယာ၊ စည်သွတ်အသီး၊ သစ်သီးခြောက်၊ အငန်၊ အချိုမှုန့် စသည်တို့ကို ရှောင်ကြဉ်ရပါမည်။ မည်သို့ပင် သင့်တော်သောအစာကို စားသည်ဖြစ်ပါစေ အချိန်မှန်မှန်နှင့် သင့်တင့်မျှတစွာ စားသုံးရန်လိုအပ်ပြီး စားပြီးတိုင်းလည်း ခံတွင်းသန့်ရှင်းရေးကို မပျက်မကွက် ဆောင်ရွက်သင့်ကြောင်း သတိချပ်စေလိုပါသည်။

သွေးချိုတိုင်းကိရိယာ glucometer သည် ဆီးချိုရောဂါသည်များအတွက် မရှိမဖြစ်လိုအပ်ပြီး မိမိ၏သွေးချို အခြေအနေကို ပုံမှန်စစ်ဆေးသင့်သည်။ လူနာအနေဖြင့် ဆရာဝန်(သို့မဟုတ်) သွားဆရာဝန်ထံသို့ သွားရောက်ပြသတိုင်း မိမိ၏သွေးချိုအခြေအနေနှင့် ပတ်သက်၍ glucometer ကို ဘယ်အချိန်တွေမှာ ပုံမှန်တိုင်းသလဲ၊ ဘယ်အချိန်က နောက်ဆုံး တိုင်းခဲ့သလဲ၊ နောက်ဆုံးတိုင်းစဉ်က အဖြေဘယ်လောက်ရှိလဲ၊ ဘယ်အချိန်က နောက်ဆုံးအစာစားခဲ့သလဲ၊ ဘာအစားအစာတွေ စားခဲ့သလဲ၊ ဘာဆေးတွေ သောက်ခဲ့သလဲ၊ ခံစားမှုဘယ်လိုရှိနေသလဲ၊ ဘယ်တုန်းက ဆရာဝန်ထံ နောက်ဆုံးပြသခဲ့သလဲ စသည့်အချက်အလက်များကို အသိပေးဖို့ လိုအပ်ပါမည်။

ပညာရှင်များ၏ ခန့်မှန်းချက်အရ ၁၉၉၅ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်ကြားတွင် ဆီးချိုရောဂါသည်များ၏ အရေအတွက်သည် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၌ ၄၂ ရာခိုင်နှုန်း (ရောဂါသည်ဦးရေ ၅၁သန်းမှ ၇၂သန်းထိ)၊ စက်မှုဖွံ့ဖြိုးဆဲနိုင်ငံများ၌ ရာခိုင်နှုန်း ၁၇၀(ရောဂါသည်ဦးရေ ၈၄ သန်းမှ ၂၂၈ သန်းထိ) တိုးတက်လာနိုင်သည်ဟု ဆိုပါသည်။ ဩစတြေးလျ အခြေစိုက် ဆီးချိုရောဂါကောလိပ်၏ ခန့်မှန်းချက်အရဆိုလျှင် အာရှတိုက်ရှိ ဆီးချိုရောဂါသည်ဦးရေသည် ၁၉၉၇ခုနှစ်က ၆၆ သန်း ရှိရာမှ ၂၀၁၀ပြည့်နှစ်တွင် ၁၃၂သန်းထိ တိုးလာဖွယ်ရှိကြောင်း ဖော်ပြပါသည်။

သို့ဖြစ်ရာ ဆီးချိုရောဂါသည် ကမ္ဘာတွင် ကြီးထွားလာနေသော ကျန်းမာရေးပြဿနာဖြစ်သည့် အားလျော်စွာ ဆီးချိုရောဂါသည်များ၏ ကျန်းမာရေးကို စောင့်ရှောက်ကုသမှုပေးနေကြသည့် ဆေးပညာရှင်များအနေဖြင့် လူနာ၏ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး စစ်ဆေးချက်များဆောင်ရွက်ကြရာ၌ ခံတွင်းကျန်းမာရေးကိုပါ သွားဆရာဝန်များနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် လူနာအတွက် အကျိုးတရားများ တိုးပွားစေနိုင်ပါသည်။ လူနာများအနေဖြင့်လည်း အစာလည်းဆေး၊ ဆေးလည်း အစာဆိုသည့်အတိုင်း သင့်တင့်မျှတသော အစားအစာနှင့် ဆေးဝါးတို့ကို အချိန်မှန်မှန် မှီဝဲခြင်း၊ ခံတွင်းကျန်းမာရေး အပါအဝင် ကိုယ်ခန္ဓာကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေသော အလေ့အထကောင်းများကို ဆောင်ရွက်ခြင်းတို့ဖြင့် ဆီးချိုရောဂါမှ ဆင့်ပွားဖြစ်လာနိုင်သော အခြားရောဂါလက္ခဏာများကို ဟန့်တားလျက် ကျန်းမာရေးကို အရှည်သဖြင့် တည်တံ့ရှင်သန်စေနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ။

ကမ္ဘာ့ဘောလုံးသတင်း နောက်ဆုံးဖြစ်ရပ်များ

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာ့ဘောလုံးသတင်းများ၏ နောက်ဆုံး အဖြစ်အပျက်များကို မြန်မာ့အလင်းဘောလုံးပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

အေဗရာမိုဗစ်ချ်က မိမိအား နားချပြောကြားခဲ့ကြောင်း ရှက်ဗ်ချင်ကို ပြောကြား

အေစီမီလန်မှ ပေါင်ငွေသန်း ၃၀ဖြင့် ချယ်လ်ဆီးသို့ ရောက်ရှိလာခဲ့သော ယူကရိန်းတိုက်စစ်မှူး ရှက်ဗ်ချင်ကို **(အပေါ်ပုံ)** က မိမိအား ချယ်လ်ဆီးသို့ ပြောင်းရွှေ့ရန် အေဗရာမိုဗစ်ချ်က နားချခဲ့သည်ဟု ပြောကြားလိုက်သည်။

မိမိအနေဖြင့် ချယ်လ်ဆီးတွင် လာရောက်ကစားပါက ထိုက်တန်သော အခွင့်အရေးများပေးမည်ဖြစ်ကြောင်း အေဗရာမိုဗစ်ချ်က ပြောကြားခဲ့သည်ဟုဆိုသည်။ ယခုအခါ ချယ်လ်ဆီးသို့ ရောက်လာပြီဖြစ်သဖြင့် မိမိအား ဦးစားပေးစရာမလိုဘဲ ထိုက်တန်သော အခွင့်အရေးပေးရန်သာဖြစ်ကြောင်း၊ မိမိတွင် ကလေးတစ်ဦးနှင့် နောက်ကိုယ်ဝန်ကို လွယ်ထားသောဇနီးသည်ရှိကြောင်း ရှက်ဗ်ချင်ကိုက ပြောကြားသည်။

အသက် ၂၉နှစ် အရွယ်ရှိ ရှက်ဗ်ချင်ကိုက မိမိအနေဖြင့် စွမ်းအားပြည့် ကစားမည်ဖြစ်ကြောင်း၊ ချယ်လ်ဆီးအတွက် ဂိုးများသွင်းယူပေးမည်ဖြစ်ကြောင်း၊ မိမိ၏အယူအဆမှာ အားလုံးနှင့် ဆက်ဆံရေး အဆင်ပြေစေရန်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထို့အပြင် မိမိချယ်ဆီးသို့ပြောင်းရွှေ့ခဲ့သည့် ဆုံးဖြတ်ချက်သည် မှန်ကန်သည်ဟုယူဆကြောင်း ၎င်းက ပြောကြားသည်။

တော့တင်ဟမ်အသင်းခေါင်းဆောင် လက်ဒလေကင်း ဒူးဒဏ်ရာရရှိ

တော့တင်ဟမ်အသင်းခေါင်းဆောင် လက်ဒလေကင်းသည် ဒူးဒဏ်ရာရရှိခဲ့ရာ မသက်သာမှုကြောင့် ရာသီအစပွဲစဉ်များတွင် ပါဝင်ကစားနိုင်ဖွယ် မရှိကြောင်း၊ ၎င်းဒူးဒဏ်ရာမှာ အသင်းလေ့ကျင့်မှုပြုလုပ်စဉ် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တော့တင်ဟမ်အသင်း ခေါင်းဆောင် လက်ဒလေကင်း။ (ဓာတ်ပုံ-အင်တာနက်)

အသက် ၂၅ နှစ်အရွယ်ရှိ ကင်းသည်အင်္ဂလန်အသင်းနောက်ခံလူတစ်ဦးလည်းဖြစ်ပြီး ဓာတ်မှန်စစ်ဆေးချက်အရ လာမည့် စက်တင်ဘာလကုန်အထိ ဘောလုံးကစားနိုင်ဖွယ်မရှိကြောင်းလည်း တော့တင်ဟမ် ကလပ်က ပြောကြားသည်။

ကင်း၏ဒူးဒဏ်ရာမှာ အနည်းဆုံး သီတင်းခြောက်ပတ်မှ ရှစ်ပတ်အထိအနားယူရဖွယ်ရှိကြောင်း တော့တင်ဟမ်နည်းပြ မာတင်ဂျိုးလ်က ပြောကြားသည်။ ကင်းသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ခြေထောက်ဒဏ်ရာရရှိခဲ့ရာ ယခုအခါ သက်သာလာခဲ့ပြီး အသင်းနှင့်အတူ လေ့ကျင့်ရေးပြုလုပ်စဉ် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ချက်ကွင်းလယ်ကစားသမား ရူဒီစကာဆယ်အား ဆောက်သမ်တန်က ခေါ်ယူရန်ကြိုးစားနေ

ချက်ကွင်းလယ် ကစားသမား ရူဒီစကာဆယ်အား ဆောက်သမ်တန်အသင်းက ပေါင်ငွေ ၁ ဒသမ ၆ သန်းဖြင့်ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

အသက် ၂၇ နှစ်အရွယ်ရှိ စကာဆယ်အားခေါ်ယူလိုသော အသင်းများရှိရာ ဆောက်သမ်တန်တို့က ခေါ်ယူရန်ကြိုးစားနေခြင်းဖြစ်သည်။ မာဆေးမှ ဆောက်သမ်တန်သို့ ပြောင်းရွှေ့နိုင်ခဲ့လျှင် ရာသီအစပွဲစဉ်များ၌ စကာဆယ်အနေဖြင့် ပါဝင်ကစားဖွယ်ရှိသည်။

ဆောက်သမ်တန်က ခေါ်ယူနေသော ချက်ကွင်းလယ်ကစားသမား ရူဒီစကာဆယ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလားဘောလုံးပွဲလက်မှတ်များ ပရိသတ်အတွက် ပိုမိုခွဲတမ်းချသင့်

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ လက်မှတ်များ မလောက်ငမှုကြောင့် မှောင်ခိုဈေးဖြင့် ဝယ်ကြည့်ရမှုများဖြစ်ပေါ်ခဲ့ရာ လာမည့် ကမ္ဘာ့ဖလားဘောလုံးပွဲများ၌ ဘောလုံးပရိသတ်များအတွက် လက်မှတ်ခွဲတမ်း ပိုမိုချပေးသင့်ကြောင်း အင်္ဂလန်ဘောလုံးဝါသနာအိုးများက ဝေဖန်ပြောကြားသည်။

အင်္ဂလန်ဘောလုံးပရိသတ်များသည် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အင်္ဂလန်အသင်းကစားသောပွဲများတွင် ၆၀၀၀၀မှ ၈၀၀၀၀ အထိ သွားရောက် ကြည့်ရှုအားပေးကြရာ လက်မှတ်များမလောက်ငသဖြင့် မှောင်ခိုဈေးဖြင့် ဝယ်ကြည့်ခဲ့ရမှုကြောင့် ဖီဖာအပေါ်တောင်းဆိုမှုများ ရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများတွင် ကမကထပြုသူများ၊ မီဒီယာများသို့ ဘောလုံးပွဲလက်မှတ် ခွဲတမ်းချပေးမှုမှာ များလွန်းကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ ဘောလုံးပရိသတ်များအတွက် လက်မှတ်ပိုမိုရောင်းချသင့်ကြောင်း ၎င်းတို့က ပြောဆိုသည်။ ။ **(အင်တာနက်)**

ရာသီအကြိုချစ်ကြည်ရေးပွဲများ ယှဉ်ပြိုင်ကစား မန်ယူနှင့်လီဗာပူးတို့ ရှုံးနိမ့်ပြီး မစ်ဒယ်ဘရော့အနိုင်ရ

ရေးသားတင်ပြသူ

မြင့်မောင်စိုး

လန်ဒန် ဇူလိုင် ၃၀

လာမည့်ဩဂုတ်လလယ်တွင် အင်္ဂလန်မှ ပရီမီယာရှစ်၊ စပိန်မှ လာလီဂါ၊ အီတလီမှ စီးရီးအေနှင့် ဂျာမနီမှ ဘွန်ဒက်စ်လီဂါ စသော ဘောလုံးပရိသတ်များ စိတ်ဝင်စားနေသည့်အမှတ်ပေးဘောလုံးပြိုင်ပွဲများကို ကျင်းပတော့မည်ဖြစ်သည်။

ထိုအမှတ်ပေး ဖလားလုပွဲများ မကစားမီ ကမ္ဘာ့နာမည်ကြီး ကလပ်အသင်းများသည် ချစ်ကြည်ရေးပွဲများ ယှဉ်ပြိုင်ကစားခြင်းဖြင့် ပွဲမဝင်မီ အပြင်မှာကျင်းပ ဆိုသော စကားအတိုင်း ပြင်ဆင်လျက်ရှိသည်။

ထိုကလပ် အသင်းများသည် ဇူလိုင် ၂၉ ရက်က ချစ်ကြည်ရေးပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာ နာမည်ကြီး ကလပ်အသင်းများ၏ ယှဉ်ပြိုင်ကစားမှုကို ကောက်နုတ် တင်ပြလိုက်ပါသည်။

လီဗာပူးမှ ဂျာမိန်းပင်းနင့်၏ ထိုးဖောက်ယှဉ်ပြိုင်မှုကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

ခြေစွမ်းပြကစားနိုင်

ထိုနေ့က ဖူလ်ဟမ်အသင်းနှင့်ရီးရဲမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေပွဲ ဖြစ်သွားခဲ့သည်။ ပွဲစသည်နှင့် ဖူလ်ဟမ်အသင်းမှ ဂျင်မီဘူးလ်လတ် ခြေစွမ်းပြ ကစားနိုင်ခဲ့သလို ဝုဒ်ဂိတ်ကလည်း ရီးရဲအတွက် အကောင်းဆုံး ကစားပြနိုင်ခဲ့သည်။

မိုက်ကယ်ဘရောင်းသည် ပွဲစပြီး ခြောက်မိနစ်အကြာ ဖူလ်ဟမ်အသင်းအတွက် ဂိုးသွင်းခွင့်ရသော်လည်း ရီးရဲမက်ဒရစ် ဂိုးသမား ကာကွယ်လိုက်နိုင်သည်။ ထို့အတူ ရာအူးလ်ကလည်း ရီးရဲမက်ဒရစ်အတွက် အခွင့်အလမ်းတစ်ရပ်ရရှိခဲ့သည်။ ပွဲပြီးသည်အထိ နှစ်သင်းစလုံး အကြိတ်အနယ်ကစားသော်လည်း ဂိုးမရှိ သရေပွဲဖြစ်ခဲ့ရသည်။

ကိုင်ဇာစလော့တန် ၃-၂ လီဗာပူး

ကိုင်ဇာစလော့တန် အသင်းနှင့် လီဗာပူးအသင်းတို့သည် ဂျာမနီမြေ၌ ယှဉ်ပြိုင်ကစားခဲ့ရာ မာစယ်ဇီမာ၏ ပွဲသိမ်းဂိုးကြောင့် လီဗာပူးအသင်းကို တစ်ဂိုးတည်းဖြင့် ကပ်၍ နိုင်လိုက်သည်။

အသစ်စာချုပ်လိုက်သော ဘယ်လာမီ၊ဂါဘရီရယ်ပလက်တာနှင့်ဂွန်ဇာလက်တို့သည် စတင် ကစားခဲ့ကြသလို ဂျာမိန်းပင်းနင်သည် လူစားသွင်းအရန်ခုံမှ စတင်ကစားနိုင်ခဲ့သည်။

ရီကာဒိုဗီလာက အိမ်ရှင်ကိုင်ဇာစလော့တန်အသင်းအတွက် ဖွင့်ဆော်ဦးဂိုးသွင်းယူပေးပြီး မကြာမီတိုက်စစ်မှူး ဘယ်လာမီက လီဗာပူးအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးသွင်းပြီး ရှစ်မိနစ်အကြာ လူးဝစ်ဂါစီယာက လီဗာပူးအတွက် ဦးဆောင်ဂိုးသွင်းယူပြလိုက်သည်။ သို့သော်လည်း ပွဲပြီးရန် မိနစ် ၂၀အလိုတွင် ဇီမာက နှစ်ဂိုးပြန်သွင်းယူလိုက်သဖြင့် လီဗာပူး၏ အောင်မြင်ရေး မျှော်လင့်ချက် ပျက်ခဲ့ရသည်။

ပရီစတွန် ၂-၁ မန်ယူ

နာမည်ကြီး မန်ချက်စတာယူနိုက်တက်အသင်းသည် အင်္ဂလန် မြောက်ပိုင်းမှ ပရီစတွန်အသင်းကို ချစ်ကြည်ရေးခြေစမ်းရာတွင် ရှုံးနိမ့်ခဲ့ရသည်။

မန်ယူကစားသမားဟောင်း ဒန်နီပွတ်ချ်က ပရီစတွန်အသင်းအတွက် ဖွင့်ဆော်ဦးဂိုး သွင်းပေးနိုင်ခဲ့သည်။ ယင်းနောက်တွင် ပရီစတွန်ကပင် ထပ်သွင်းနိုင်ခဲ့သည်။ သို့ရာတွင် မန်ယူက ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးသွင်းယူခဲ့သည်။ ယင်းပယ်နယ်တီမှ အလန်မက်ကောမတ်ကြောင့် ဖလက်ချာဂိုးဧရိယာအတွင်း လဲကျခဲ့သည်။ ယင်းပယ်နယ်တီကို ဆိုးလ်ရှားက သွင်းယူခဲ့ခြင်း ဖြစ်သည်။



အကြိတ်အနယ် ယှဉ်ပြိုင်

ရီးရဲမက်ဒရစ်အသင်းမှ ဂျို့စ်(ယာ)**နှင့်ဖူလ်ဟမ်အသင်းမှ မိုက်ကယ် ဘ ရောင်း**(ဝဲ)**တို့ ဤသို့ အ ကြိတ် အ နယ် ယှဉ်ပြိုင် ခဲ့ကြသည်။**
(ဓာတ်ပုံ-အင်တာနက်)

ရှက်ဖီး ၁ - ၂ မစ်ဒယ်ဘရော့

ရှက်ဖီးအသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့ ယှဉ်ပြိုင်ရာတွင် မစ်ဒယ်ဘရော့အသင်းက နောက်တန်းလူ အီဟိဂူ ဒဏ်ရာအပြင်းအထန် ရသွားသော်လည်း တစ်ဂိုးအသာဖြင့် အနိုင်ရလိုက်သည်။

ပယ်နယ်တီပေး

မစ်ဒယ်ဘရော့ အသင်းအတွက် ဖွင့်ဆော်ဦးဂိုးကို ရေးပါလာ ထိုးပေးသောဘောလုံးမှ ခရစ္စတီးက သွင်းယူခဲ့ပြီး စတီဗင်မက်ကလင်းအား ရေးပါလာက ဂိုးဧရိယာအတွင်း လူဖျက်တားသဖြင့် ပယ်နယ်တီပေးလိုက်ရသည်။

ယင်းနောက် မစ်ဒယ်ဘရော့အသင်းမှ ယာကူဘူအနီးကပ် ကန်သွင်းယူသော ဂိုးဖြင့် မစ်ဒယ်ဘရော့အသင်း ရာသီအကြိုပွဲတွင် အနိုင်ရရှိသွားသည်။ ။ **(အင်တာနက်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဦးဆောင် အောင်ဆန်းအဆုတ်ရောဂါကုဆေးရုံ သန့်ရှင်းရေးဆောင်ရွက် ဆေးပဒေသာပင်စိုက်ထူ၊ အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကဦးဆောင်၍ အင်းစိန်မြို့နယ် အောင်ဆန်းအဆုတ်ရောဂါကုဆေးရုံဝင်းအတွင်း ဆေးရုံသန့်ရှင်းရေးစုပေါင်းဆောင်ရွက်မှု၊ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲနှင့် ဆေးပဒေသာပင်စိုက်ထူလှူဒါန်းပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းငွေကျပ် နှစ်သိန်းကို ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်ထံပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၃၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်၍ အင်းစိန်မြို့နယ် အောင်ဆန်းအဆုတ်ရောဂါကုဆေးရုံဝင်းအတွင်း ဆေးရုံသန့်ရှင်းရေးစုပေါင်းဆောင်ရွက်မှု၊ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲနှင့်ဆေးပဒေသာပင်စိုက်ထူ အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်ကြည့်ရှု အားပေးကြသည်။

တက်ရောက်အားပေး

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊မြန်မာနိုင်ငံ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် အလှူရှင်များ တက်ရောက် အားပေးကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် နံနက်၆နာရီခွဲတွင် အင်းစိန်မြို့နယ် အောင်ဆန်းအဆုတ်ရောဂါကုဆေးရုံကြီးသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာလှိုင်မြင့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ စုပေါင်း၍ အဆုတ်ရောဂါကုဆေးရုံဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ အမှိုက်လှည်းခြင်း၊ ရေနုတ်မြောင်းများ သန့်ရှင်းရေး ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

အမှတ်တရစိုက်ပျိုးပေး

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် ဆေးရုံဝင်းအတွင်းရှိ မြေကွက်လပ်၌ ခြံစည်းရိုးကြက်ဆူပင် ၃၃၈ပင် အပါအဝင် အရိပ်ရပင်များ၊ ပန်းအလှပင်များကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းကာ တပျော်တပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ ခြံစည်းရိုးကြက်ဆူပင်များကိုအမှတ်တရ စိုက်ပျိုးပေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အဆုတ်ရောဂါကုဆေးရုံခန်းမ၌ ဆေးပဒေသာပင် စိုက်ထူ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က အောင်ဆန်းအဆုတ်ရောဂါကုဆေးရုံဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးပေးခြင်းနှင့် အလှူရှင်များ စုပေါင်းကာ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူငွေပေးအပ်ကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ်၁၅သိန်းကို တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းငွေကျပ် နှစ်သိန်းကို ဒေါ်ခင်မိမိနှင့် ဒေါက်တာဒေါ်စန္ဒာအောင်တို့က လည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက အလှူငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ ဗိုလ်မှူးချုပ် စည်သူတင်ဖေ(အငြိမ်းစား)-ဒေါ်သိန်းဆိုင်မြတ်လေးရုံမိသားစုက အလှူငွေကျပ် တစ်သိန်း၊ ဒေါ်သန်းသန်းအေး (ဝါဝါထွန်းရွှေဆိုင်)က အလှူငွေကျပ် တစ်သိန်း၊ ဂုဏ်ရည်ဆေးတိုက်က အလှူငွေကျပ် တစ်သိန်း၊ ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ ဦးတင်မောင်ဦးနှင့်ညီ၊ ညီမများ၊ "ရွှေအုန်းပင်" စက်နို့ဆီက အလှူငွေကျပ်တစ်သိန်း၊ ဟာဂျီ ဦးရာစင် ဒဂုံရေပိုက်ပစ္စည်းရောင်းဝယ်ရေးက အလှူငွေကျပ် တစ်သိန်း၊ ဦးကျော်လွင်၊ ဒေါ်နီကုန်စုံဆိုင် အင်းစိန်ဈေးက အလှူငွေကျပ်တစ်သိန်း၊ ဦးဖေထွန်းအောင်-ဒေါ်ခင်မာကြည် ထူးကဲဆန်ဆီရောင်းဝယ်ရေး မင်္ဂလာဒုံက အလှူငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင် အသီးသီးက အလှူငွေကျပ် စုစုပေါင်း ၄၈ သိန်း ငါးသောင်းကို ပေးအပ်လှူဒါန်းကြရာ ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာလှိုင်မြင့်တို့က လက်ခံကြသည်။

ကျေးဇူးတင်စကား

ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာလှိုင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားခွင့် ရရှိရန်အတွက် ၂၀၀၆ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူဖြစ်ရမည်။

၃။ လျှောက်လွှာများကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနနှင့် မိမိတို့နှင့် နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်/တိုင်းရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

၄။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဝင်ခွင့်အတွက် လျှောက်လွှာများကို သတ်မှတ်ပုံစံတွင်ဖြည့်စွက်၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်းထောက်ခံစာ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ (ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) နှင့် ရဲစခန်းထောက်ခံစာ၊ ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ထောက်ခံချက်တို့နှင့်အတူ ဤတက္ကသိုလ်ကျောင်းသားရေးရာဌာနသို့ ၂၀၀၆ခုနှစ် ဩဂုတ်လ ၂၈ရက် နောက်ဆုံးထား၍ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံသော လျှောက်လွှာများကိုသာ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုခွင့်ပြုမည်။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်ချိန်တွင် အမှတ်စာရင်းတင်ပြရမည်။

၆။ အရည်အချင်းစစ် စာမေးပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် စာစစ်ဌာနတွင် အောက်ဖော်ပြပါအတိုင်း ဖြေဆိုကြရမည်။

(က) အင်္ဂလိပ်စာ နှစ်နာရီမေးခွန်း ၂၀၀၆ခုနှစ် စက်တင်ဘာလ ၇ရက်

(ခ) ဇီဝဗေဒ သုံးနာရီမေးခွန်း ၂၀၀၆ခုနှစ် စက်တင်ဘာလ ၈ရက်

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ဤတက္ကသိုလ်တွင် လူတွေ့နှုတ်မေး အစစ်ဆေးခံရမည်။

၈။ ဤတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိသူများ၏အမည်စာရင်းကို အချိန်မီထုတ်ပြန်ကြေညာပေးမည်။

၉။ သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာ ဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၁၀။ အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော် (ဖုန်း-၀၆၇-၄၁၆၅၁၂၊ ၄၁၆၅၁၃)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တီဗီနှင့် ဒီဗွီဒီစက်ခိုးသူနှစ်ဦးဖမ်းမိ

နေပြည်တော် ဇူလိုင် ၃၀

နေပြည်တော် ပိတောက်အိမ်ရာ(၁) တိုက်အမှတ်၈၁၀နေ စာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းတစ်ဦးသည် ဇွန်၂၂ရက် ညနေ၆နာရီတွင် ရုံးမှ အိမ်သို့ပြန်ရောက်စဉ် ဧည့်ခန်းအတွင်းရှိ ၂၁လက်မTV တစ်လုံး၊ DVDစက်တစ်လုံးနှင့် မိုက်တစ်လုံး ခိုးယူခံရကြောင်း သိရှိရသဖြင့် သက်ဆိုင်ရာသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

စုံစမ်း စစ်ဆေးချက်များအရ အနီးရှိ ဆောက်လက်စတိုက်တွင် အလုပ်လုပ်ကိုင်နေသည့် ဆောက်လုပ်ရေးအဖွဲ့မှမျိုးမင်းထွန်း၂၂နှစ်၊ (အဘ)ဦးချစ်သန်းနှင့် သိန်းဇော် ၃၅နှစ်၊ (အဘ)ဦးကြည်မောင်တို့ ခိုးယူခဲ့ကြောင်း သိရှိရသဖြင့် ဇူလိုင်၂၈ရက်တွင် မျိုးမင်းထွန်းနှင့်ဇူလိုင် ၂၉ရက်တွင် သိန်းဇော်တို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီး ရမိခဲ့သည်။ တရားခံများ၏ ထွက်ဆိုချက်အရ သိန်းဇော်သည် ဇူလိုင်၂၂ ရက်မွန်းတည့်၁၂နာရီတွင်မျိုးမင်းထွန်းအားခေါ်၍ တိုက်အမှတ် ၈၁၀သို့ ဝင်ရောက်ခဲ့ကြောင်း၊ အိမ်အတွင်းရှိ ရုပ်မြင်သံကြားဖမ်းစက်၊ အောက်စက်နှင့် မိုက်တစ်လုံးအား စောင်ဖြင့်ထုပ်ပိုးပြီး ယူဆောင် လာခဲ့ကြောင်း၊ မျိုးမင်းထွန်းသည် ဆောက်လုပ်ရေးအဖွဲ့တွင် ဆက်လက်လုပ်ကိုင်နေပြီး သိန်းဇော်သည် ခိုးရာပါပစ္စည်းများနှင့် ပဲခူးသို့ ထွက်လာကာ ပဲခူးမှတစ်ဆင့် ၎င်းနေထိုင်ရာ လှည်းကူးမြို့ အလံတဘိုကျေးရွာသို့ပြန်ခဲ့ရာမှ ဇူလိုင်၂၉ရက်တွင် ဖမ်းဆီးခံရသဖြင့် အရေးယူ အပြစ်ပေးနိုင်ရေး အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ခိုင်လီ ကြက်ချဉ်စပ်ဟော့ပေါ့ စားကြစို့
Sea foods
Sedona Hotel
Ph-703946
10% Dis(Food Only)

မိတ္ထီလာမြို့နယ် ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်နှင့် စားသုံးဆီများ ဆက်ကပ်လှူဒါန်း

မိတ္ထီလာ ဇူလိုင် ၂၄

မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် စားသုံးဆီများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်၁၇ရက် ညနေ ၃နာရီက ဆုတောင်းပြည့် သာသနာ့ဗိမာန်၌ ကျင်းပသည်။

ခံယူဆောက်တည်

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ သူရိယထံမှ ငါးပါးသီလ ခံယူဆောက်တည်သည်။

လျှောက်ထား

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလူတင်က ဆွမ်းဆန်တော်နှင့်စားသုံးဆီများ လှူဒါန်းရခြင်းအကြောင်းကို လျှောက်ထားပြီး ဆရာတော်သံဃာတော်များအား လေကြောင်းအတတ်သင် လေတပ်စခန်း စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလူတင်နှင့်ဇနီး၊ အဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အမှာဝေ

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တ ဝိဇောဒယဆရာတော်ကြီးက လှူဒါန်းမှုအစုစုအတွက် သာဓုအနုမောဒနာတရား ဟောကြားရာ တက်ရောက်လာကြသူများက ရေစက်ချအမျှပေးဝေကြသည်။

ဆက်ကပ်လှူဒါန်း

အဆိုပါ မိတ္ထီလာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက် ၁၈တိုက်ရှိ သံဃာတော် ၁၃၈၂ပါးတို့အား ဝါတွင်းကာလအတွက် ဆွမ်းဆန်တော် ၁၃၇အိတ်နှင့် ဆီ ၃၃၉ဒသမ ၅ပိဿာတို့ကို ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မအူပင်မြို့အဝင် လမ်းဘေး ဝဲယာ တစ်လျှောက်တွင် ပန်းအိ၊ နွယ်သာကီ၊ ခရာဝါ၊ စက္ကူပန်း၊ ငုနှင့် ပိတောက်ပင်များကို ဇူလိုင် ၁ရက်က မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီး စိုးနိုင်ဦး (ငြိမ်း) ဦးဆောင်သော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အင်ဂျင်နီယာမှူး ဦးထင်လင်းကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အနေးယာဉ်လုပ်သားများစုပေါင်း၍ စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံ၌ စာကြည့်တိုက်များရေရှည်တည်တံ့ရေးဆွေးနွေး

ချောင်းဆုံ ဇူလိုင် ၂၆

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဘီငါးလုံးနှင့် ပြည့်စုံရေး၊ ရေရှည်တည်တံ့ရေးအတွက် ဇူလိုင်၁၈ရက်မှ ၂၁ရက်အထိ ကမာမို၊ ဒေါင်း၃၊ နီးမှုတ်၊ ကလော့၊ ကလို့၊ တောင်စွန်း၊ ကော့မုပွန်၊ ဒေါင်းရပ် အရှေ့၊အနောက်၊ မုဒွန်း၊ တော်ကနာ၊ ကမနင်း၊ ကွမ်ရိုက်နှင့် ညောင်လန်းကျေးရွာရှိ စာကြည့်တိုက်များသို့သွားရောက်၍ စာကြည့်တိုက်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ရှေးဦးစွာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်နှင့်ဝန်ထမ်းများက ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များနှင့်တွေ့ဆုံပြီး စာကြည့်တိုက်ဘီငါးလုံးနှင့်ပြည့်စုံရေး၊ ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ ဆွေးနွေးသည်။

ဆွေးနွေး

ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဝင်များက မိမိကျေးရွာရှိ စာကြည့်တိုက် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်နည်းလမ်းများကို ပြန်လည်ဆွေးနွေးကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က စာကြည့်တိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများ ကြည့်ရှုသည်။

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျေးရွာရစ်ရွာအတွက် စာကြည့်တိုက်ရန်ပုံငွေကျပ်၄၀၀၀၀ကိုလှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များကလက်ခံကြသည်။ **(မြို့နယ်ပြန်/ဆက်)**

တောင်ကြီးမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

တောင်ကြီး ဇူလိုင် ၁၈

တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအလိုက် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ ပြည်နယ် အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ထို့နောက် ဗိုလ်လုပွဲအဖြစ် ညောင်ဖြူစခန်း ရပ်ကွက်အသင်းနှင့် မြို့မ ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ညောင်ဖြူစခန်းအသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမ၊ဒုတိယ ဆုရအသင်းများအား ငွေသားဆု၊ တစ်ဦးချင်းဆုနှင့် နေရာအလိုက် အကောင်းဆုံးဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားကျပ်တစ်သောင်းခွဲစီကို မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးစောနေမင်းထွန်း၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးဘခင်နှင့် ဘောလုံးဆပ်ကော်မတီဝင်များက ပေးအပ်ကြပြီး အသန့်ရှင်းဆုံးဆုရ ညောင်ဖြူစခန်းအသင်းအား အလှူရှင် ဦးခင်မောင်ညွန့် (ဘောလုံး ဒုတိယ ဥက္ကဋ္ဌ)က ဒိုင်းဆုပေးအပ်ချီးမြှင့်သည်။

ဗိုလ်စွဲသွားသော ညောင်ဖြူစခန်း ရပ်ကွက်အသင်းအား ပထမဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားကျပ်တစ်သိန်းခွဲတို့ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်လွင်က ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် အား/ကာ)**

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် သားငါးရောင်းချသူများ အလေးချိန်ခွင်မှန်ကန်စေရေးနှင့် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် ယင်လုံဆန်ခါများ တပ်ဆင်ရောင်းချမှုကို ဇူလိုင် ၁၇ရက်က အမှုဆောင်အရာရှိဦးဖြူညွန့် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပစေရေးအတွက် ရန်ကုန်–မန္တလေး ကားလမ်းဘေး ဝဲယာတစ်လျှောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့် ရာသီပန်းအလှပင်များ စိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် ဦးစီးအရာရှိ ဒေါ်ခင်စောဝင်းတို့ ကြီးကြပ်စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

အင်္ဂပူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင်၃ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့နယ်ခန်းမရှေ့ မြေယာရှုခင်းအလှပြုပြင်ခြင်းကို အမှုဆောင်အရာရှိ ဦးမောင်မောင်ဦး ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

တာလေမြို့၌ အဖွဲ့ဝင်အဆိုပြုလွှာပေးအပ် ကျန်းမာရေးထောက်ပံ့ပစ္စည်းနှင့် ဆေးဝါးလှူဒါန်း

တာလေ ဇူလိုင် ၆

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့က အဖွဲ့ဝင်အသိအမှတ်ပြုကတ်ပြားများ၊ ရင်ထိုးတံဆိပ်များနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၅ရက် နံနက် ၁၀နာရီက တာလေမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် အဆိုပြုလွှာ ၁၂၇စောင်ကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းရီက ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သူသူမင်းစံထံသို့ ပေးအပ်ပြီး **(အောက်ဝဲပုံ)**အဖွဲ့ဝင် အသိအမှတ်ပြုကတ်ပြားနှင့် ရင်ထိုးတံဆိပ်များကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သူသူမင်းစံက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းရီထံ ပေးအပ်သည်။

စည်းရုံးဟောပြော

ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ခေါင်းဆောင်များက လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်းနှင့် အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများ စည်းရုံးဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့သည် ကျေးရွာများတွင် ကျန်းမာရေး ထောက်ပံ့ပစ္စည်းများ၊ ဆေးဝါးများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ဝါခေါင်လဆန်း ၈ ရက်
၁–၈–၂၀၀၆
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋ္ဌာနာဋိယသုတ်)

နေ့လယ်ပိုင်း

၀၉း၀၀ နဝင်္ဂဥပေါသထသီလပေး တရားတော် (ဘဒ္ဒန္တ ဇောတိပါလ ကြခတ်ဝိုင်းဆရာတော်)
၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဆေးဖက်ဝင် အာနိသင်ပြည့်ဝသောအကောင်းဆုံး ထုတ်လုပ်မှုနည်းဖြင့် ထုတ်လုပ်ခြင်း)
၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (လယ်ထွန်မင်္ဂလာပွဲများနှင့် လယ်ထွန်မင်္ဂလာဘွဲ့ သီချင်းများ–တက္ကသိုလ်ညိုသန့်)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ထက်မြက်တင့်တယ် အသက်ငါးဆယ်–ဒေါက်တာ မြင့်သန်း–ညောင်လေးပင်)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (အတ္တနဲ့ပရ)
၁၇း၄၀ ကဏ္ဍစုံစွာဆွေးနွေးစရာ (သင်ဘယ်လောက်အဆိပ်သင့်နေသလဲ) (နုမြတ်–ဆေး–၁)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အလယ်တန်းရသပညာ–မျဉ်းကြောင်းများအကြောင်း)

ညနေပိုင်း

၁၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ဝဋ္ဋသုတ် ပါဠိနှင့်အနက်
၁၆း၁၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) သီရိတေးလွှာ
(၂) လူ့နှလုံးသား
(၃) အချစ်
၁၆း၃၀ ထီပေါက်စဉ်
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (လှုပ်ရှားရင်းနဲ့အသက်ရှင်ပါ–မှူးခန့်–ဆေးတက္ကသိုလ်)
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (မှန်တဲ့စေတနာ)
၁၉း၁၀ မြန်မာမှုမြန်မာ့သဘင် (ကွက်စိပ်) (တွံတေးဒဂုံဆရာညွန့်၏ ဗုဒ္ဓဝင် လေးတော်တင်ခန်း)
၂၀း၃၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိ အစီအစဉ်
၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ကြိုသာကြိုမဆုံသည့်လမ်း
(၂) စိမ်းနေလို့ပြီးမှာလား
(၃) ချစ်တပ်လွန်းတော့ သဝန်ကြောင်တယ်
၂၀း၅၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ တရားတော်

မော်ကျွန်းမြို့ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆောက်လုပ်ရန်အလှူငွေစုပေါင်းပေးအပ်

မော်လမြိုင်ကျွန်း ဇူလိုင် ၂၇

မော်လမြိုင်ကျွန်းမြို့နယ် လပွတ်ကွဲ တဲချောင်းကျေးရွာအုပ်စု ကံကွင်းကျေးရွာ ဗြဟ္မာစာရီဝိသုဒ္ဓါရုံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆောက်လုပ်ရန် ပထမအကြိမ်အလှူငွေကျပ် ၂၆သိန်း စုပေါင်းပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၃ရက် နံနက် ၉နာရီက ကံကွင်းကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကံကွင်းကျောင်းတိုက် ပဓာနနာယက မြို့နယ်သံဃနာယက ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဥက္ကံသထံမှ သြဝါဒခံယူကြပြီး မော်လမြိုင်ကျွန်းမြို့ ရွှေပြည်အေးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဇဝန နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှကြည်တို့က ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပြန်လည်ဆောက်လုပ်မည့် လုပ်ငန်းများကို တင်ပြဆွေးနွေးကြသည်။

လှူဒါန်း

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးကိုကိုအောင်က သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ငွေကျပ်နှစ်သိန်းအလှူရှင်နှစ်ဦး၊ ငွေကျပ်တစ်သိန်းအလှူရှင် ၁၄ ဦးနှင့် ငွေကျပ်ငါးသောင်းအလှူရှင် ၁၆ဦးတို့က အလှူငွေများပေးအပ် လှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကိုကိုအောင်၊ မြို့နယ်သာသနာရေးဦးစီးဌာန ဦးစီးမှူးဦးဌေးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အလှူငွေများ လက်ခံယူကြသည်။**(ဝဲပုံ)** **(၀၉၇)**

ရွှေစည်းခုံစေတီ ရွှေသင်္ကန်းဆက်ကပ်ရန် လှူဒါန်းနိုင်

ညောင်ဦး ဇူလိုင် ၂၀

ညောင်ဦးမြို့သမိုင်းဝင် ရွှေစည်းခုံစေတီတော်ကို ဂေါပကအဖွဲ့က ငွေကျပ်သိန်းပေါင်း ၁၆၅၀ ဖြင့် အကုန်အကျခံ၍ ပြည်သူများကောင်းမှုဖြင့် ရွှေသင်္ကန်းဆက်ကပ်ပွဲကျင်းပမည်ဖြစ်ရာ စေတီတော်ကြီး ကြာသွတ်အိုးများနှင့် အရှေ့ဘက်ကြေးဂူတိုက်အထွတ်စေတီတော်ကို ရွှေသင်္ကန်းကပ်လှူရန် ဝါးငြမ်းများ စတင်ဆင်နေပြီဖြစ်သဖြင့် လှူဒါန်းလိုသူများသည် နှစ်လက်မပတ်လည်ရွှေတစ်ဆိုင်း ငွေကျပ် ၁၆၀၀၀၊ ၁၂ လက်မရွှေချပြီး တစ်ချပ် ငွေကျပ် ၇၀၀၀၊ ၉ လက်မပတ်လည် ရွှေချပြီး တစ်ချပ် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် လှူဒါန်းမည့်သူများ အတွင်းရေးမှူး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ညောင်ဦးခရိုင် ညောင်ဦးမြို့ ဖုန်း-၀၆၁-၆၀၂၆၁၊ ရွှေစည်းခုံဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ညောင်ဦးမြို့ ဖုန်း-၀၆၁-၆၀၂၈၅နှင့် ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)စုပေါင်းရုံးဝင်း အင်းစိန်မြို့ ဖုန်း-၀၁-၆၄၀၄၈၇၊ ၆၄၀၄၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မကွေးမြို့နယ် လင့်မြင့်ကျေးရွာတွင် ပြုပြင်ထိန်းသိမ်းရန် လိုအပ်သော စက်ရေတွင်း ပြင်ဆင်ထိန်းသိမ်းရေးဆောင်ရွက်မှုကို ဇူလိုင် ၁၈ ရက်က မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေ ကြည့်ရှုစစ်ဆေးရာ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးညိုဝင်းမြင့်နှင့် အမှုဆောင်အရာရှိ ဦးဇော်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မင်းတပ်မြို့မဈေး၌ အိုင်အိုဒင်းဆား ပါဝင်မှုစစ်ဆေး

မင်းတပ် ဇူလိုင် ၁၂

မင်းတပ်မြို့ မြို့မဈေးရှိဆိုင်များနှင့် မြို့ပေါ်ရှိ ကုန်စုံဆိုင်များတွင် ရောင်းချသော အိုင်အိုဒင်းဆားများ၏ အရည်အသွေး ပါဝင်မှုကို ဇွန် ၂၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကောင်းမြတ်၊ အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ စုပေါင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

တာချီလိတ်မြို့၌ ပညာဒီပထာဝရငွေပဒေသာပင်စိုက်ထူလှူဒါန်း ချို့တဲ့နွမ်းပါးကျောင်းသားများအား စာအုပ်နှင့်စာရေးကိရိယာထောက်ပံ့

တာချီလိတ် ဇူလိုင် ၁၇

ပညာဒီပထာဝရငွေပဒေသာပင်စိုက်ထူရေးအဖွဲ့၏ ချို့တဲ့နွမ်းပါး ကျောင်းသူကျောင်းသားများအား ထောက်ပံ့ပစ္စည်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၂ရက် နံနက် ၁၀နာရီက တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဇေလေလန်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ကျင်းပရာ ပညာဒီပထာဝရ ငွေပဒေသာပင်စိုက်ထူရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်အောင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာဒီပအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်အောင် ဝမ်ပုံရဲစခန်း စခန်းမှူးရဲအုပ်ဇော်မင်းနောင်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးယာရှဲန်နှင့် အလှူရှင်များက ဇေလေလန်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းမှ ချို့တဲ့နွမ်းပါး ကျောင်းသူ ကျောင်းသား ၁၀၀ အား ဗလာစာအုပ်၊ ဘောပင်နှင့် ခဲတံ စုစုပေါင်းငွေကျပ်သုံးသိန်းတန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အေးချမ်းပြည့်သောက်ရေသန့်လုပ်ငန်း ပိုင်ရှင် ဦးတင်ဝင်း-ဒေါ်နန်းဖြူဝဏ်းမိသားစုက ဇေလေလန်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် ငွေကျပ်တစ်သိန်းငါးသောင်းတန်ဖိုးရှိ ဆက်တီတစ်စုံအား ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက်ဒေါက်တာမြင့်အောင်-ဒေါ်ခိုင်ဖြူစင်(ကောင်းကင်ဆုဂေဟာ)၊ ဦးကျော်ကျော်စိုး-ဒေါ်ချိုချို (ပါရာဒိုက်စ်ရွှေတြိဂံဟိုတယ်)၊ ဦးခင်မောင်မြင့်-ဒေါ်နန်းနွန်း (အေးချမ်းပြည့်သုံးဘီးဆိုင်ကယ်)၊ တပင်ရွှေထီး ဆီပန့်မိသားစုက ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ ဦးအောင်ဖြိုးရှိန်-ဒေါ်နန်းနွတ်နွတ်(သူရိယသင်္ကန်းတိုက်) မိုင်းဖုန်း(ခ) ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးယာရှဲန်တို့က ငွေကျပ်ငါးသောင်းစီကိုလည်းကောင်း ပညာဒီပ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ (၄၂၀)

မြို့နယ်သတင်းများ

ပန်းအလှပင်များပျိုးထောင်

မတူပီ ဇူလိုင် ၁၅

ချင်းပြည်နယ် မတူပီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်ထားသော ပျိုးပင်များကို ဇွန် ၁၅ ရက်က ချင်းပြည်နယ် ခေတ္တညွှန်ကြားရေးမှူး ဦးစိုးဝင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ကိုထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဇော်ဟန်တို့က ရှင်းလင်းပြသကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိခင်/ကလေးကြီးကြပ်ရေးအဖွဲ့နှင့် အထူးကုဆရာဝန်ကြီးများ ပခုက္ကူခရိုင်၌ ကျန်းမာရေးပညာပေးဟောပြော၊ ဆေးဝါးကုသ

ပခုက္ကူ ဇူလိုင် ၂၄

ပခုက္ကူခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အထူးကုဆရာဝန်ကြီးများပူးပေါင်း၍ ကျန်းမာရေးပညာပေးဟောပြောပွဲနှင့် ဆေးဝါးကုသခြင်းကို ဇူလိုင် ၁၈ ရက်က ပခုက္ကူခရိုင် ပေါက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုဝင်းက အမှာစကားပြောကြားပြီး သားဖွားမီးယပ်အထူးကုဆရာဝန် ဒေါက်တာသန်းသန်းရင်က အမျိုးသမီးများတွင် ဖြစ်တတ်သော ရောဂါနှင့် ကာကွယ်ရေးနည်းလမ်းများကိုလည်းကောင်း၊ ခရိုင် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင်ဒေါက်တာဦးတင်မောင်ထွေးကကူးစက်ရောဂါအကြောင်းနှင့် ကာကွယ်ရေးနည်းလမ်းများကိုလည်းကောင်း ကျန်းမာရေးပညာပေး ဟောပြောကြသည်။

ထို့နောက် ပေါက်မြို့ပေါ် ရပ်ကွက်များတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါကြိုတင်ကာကွယ်နှိမ်နင်းရန် ဖုံး၊ သွန်၊ လဲ၊ စစ်စနစ်ဖြင့် တစ်အိမ်ချင်း ကွင်းဆင်းဆောင်ရွက်ပေးကြပြီး ဆေးရုံအုပ်ကြီးဒေါက်တာသိန်းထွန်း ခေါင်းဆောင်သောအထူးကုဆရာဝန်ကြီးများအဖွဲ့က ပေါက်မြို့နယ်ဆေးရုံတွင် ဒေသခံပြည်သူ ၂၄၇ ဦးတို့၏ ကျန်းမာရေးစောင့်ရှောက်မှု ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကြသည်။**(အပေါ်ပုံ)** **(၄၁၃)**

မင်းလှမြို့အမှတ်(၅)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို ဇူလိုင် ၁၅ ရက်က အမှုဆောင်အရာရှိနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စိုက်ပျိုးပြုပြင်

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့ဝင်ဆိုင်းဘုတ်ရှေ့ လမ်းလယ်ကျွန်း သန့်ရှင်းရေးနှင့် သာယာလှပရေးအတွက် ဇူလိုင် ၁၂ရက်က ပန်းအလှပင်များ စိုက်ပျိုးပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

စုပေါင်းသန့်ရှင်း

မြစ်ကြီးနားမြို့ မလိခရိပ်သာမှ မြစ်ကြီးနားမြို့ လေဆိပ်ထိ လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်မှုကို ဇွန် ၂၃ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးလှမျိုးနှင့် ဦးစီးအရာရှိ ဦးခင်အောင်နီတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ဝါဆိုပွဲတော်အထိမ်းအမှတ် အိမ်ရာအရောင်းပွဲတော်

- ယုဇနပလာဇာ မြေညီထပ် ဆိုင်ခန်းများ (လေလံစနစ်) ဖြင့် (၃ .၈.၂၀၀၆) နှင့် (၄.၈.၂၀၀၆) နေ့များတွင် ရောင်းချပေးပါမည်။
- Hiway Complex လူနေအိမ်ခန်းများ (ဦးရာလူစနစ်)
- ဒဂုံ (အရှေ့ပိုင်း၊ မြောက်ပိုင်း) မြေကွက်များ (ဦးရာလူစနစ်) ကို ဩဂုတ်လ (၁)ရက် မှ (၁၅)ရက် အထိ အထူးအစီအစဉ်ဖြင့် ရောင်းချပေးပါမည် ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
- ဇူလိုင်လ (၂၉)ရက် စနေနေ့ မှ စတင်၍ ကြိုက်ရာအခန်းများကို ကြည့်ရှုနိုင်ပါပြီ။

ဆက်သွယ်ရန်လိပ်စာ - ယုဇနစင်တာ (ရုံးချုပ်)၊ တတိယထပ်၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇

"[illegible]"
[illegible]

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၂၅၅၃၀ Luojia ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်ညီမိခင် မှတ်ပုံတင်အမှတ် ၅/ဟမလ(နိုင်)၀၆၄၆၉၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေး၊မြောက်ပိုင်း)မန္တလေးမြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဘ/၇၀၆၆ တိုယိုတာကိုရိုလာKE 74 ယာဉ်လက်ဝယ်ရှိသူ အမည် ဦးဖိုလ်ဖိုလ်အောင် မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်)၁၀၉၆၂၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ပါဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေး၊တောင်ပိုင်း)မန္တလေးမြို့။**

ရောင်းရန်

82 Model ˚Canter˚၂က/ လေးထောင်ကျော်၊ ဘော်ဒီ(၁၀) ပေ၊ အခွန်ကျေပြီး၊ ရောင်းမည်။
ဆက်သွယ်ရန်-
ဖုန်း- ၆၅၁၈၈၆၊၇၀၀၁၂၆။

အငြိမ်းစားသံအမတ်ကြီး ဦးကို တစ်လပြည့်အား ရည်စူး၍ အမှတ် ၄၄၉/အေ/၂၀ မိုးမခလမ်း ဗိုလ်ချို (၂) ရပ်ကွက် ဗဟန်းမြို့နယ်နေ ကျန်ရစ်သူမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်နှင့် မျက်စိကုလေဆာစက်အတွက် အလှူငွေ ကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။ (က-ပ)

သာသနာ့ရောင်ခြည်ဓမ္မာရုံ တရားပွဲများကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း သာသနာ့ရောင်ခြည် ဓမ္မာရုံ၊ (၅၀)ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း) ပထမအကြိမ် ထေရဝါဒတရားပွဲများကို ဝါတွင်း လပြည့်နေ့တိုင်းကျင်းပမည်ဖြစ်ရာ ဩဂုတ် ၈ရက် ည ၈နာရီတွင် ဒေါက်တာ အရှင်ကောဝိဒ (မဇ္ဈိမဂုဏ်ရည်ဆရာတော်)၊ စက်တင်ဘာ ၅ ရက်နှင့် ၆ ရက်တွင် ဘဒ္ဒန္တ အင်္ဂီသ(ပါဠိကာရီဆရာတော်)၊ အောက်တိုဘာ ၆ ရက်တွင် ဘဒ္ဒန္တ သောဘန [ပုပ္ပား(၂)၊ဆရာတော်]၊ နိုဝင်ဘာ ၃ ရက်၊ ၄ ရက် နှင့် ၅ ရက်တို့တွင် အရှင်မာလာစာရ (ညောင်ပင်သာဆရာတော်)တို့က တရားတော်များ ဟောကြားမည်ဖြစ် ကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရကျောင်းဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ပညာသာရထံသို့ တစ်ဆယ့်တစ်မီးငြိမ်းစေတီမှ အရံစေတီတစ်ဆူအတွက် ငွေကျပ် ကိုးသိန်းကို နှစ်ဖက်မိဘများ အမှူးထား၍ ဧရာဝတီတိုင်း ကျိုက်လတ်မြို့နေ ဦးထွန်းအောင်-ဒေါ်မေဇင်ဦး (စာကလေး အင်တွဲမှုန့်လုပ်ငန်း)မိသားစုက ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သဲအင်းဂူခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင်မူလသဲအင်းဂူဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍဝံသ (မိဂလုံ) ဆရာတော်မှ ခန္ဓာကိုယ်တွေ့ သမထဝိပဿနာတရားတော်များကို ဩဂုတ် ၇ ရက်မှ ၁၃ ရက်အထိ အဓိဋ္ဌာန်ခုနစ်ရက်တရားစခန်းဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်သူများအားအခမဲ့အာဟာရဒါနကျွေးမွေးမည်ဖြစ်ရာ လှူဒါန်းလိုသူများ အရုဏ်ဆွမ်းနှင့်နေ့ဆွမ်းများလှူဒါန်းနိုင်ပြီး တရားစခန်းဝင် လိုသူများ ဩဂုတ် ၆ ရက် ညနေ အရောက်လာရောက်ကြရန်နှင့် ဓမ္မဗိမာန်တော်ကြီး တည်ဆောက်ရာ စေတနာရှင်များပါဝင်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

ဇူလိုင် ၂၁ရက်က ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက် အလုပ်ရုံဆွေးနွေးပွဲတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမျိုးလှိုင်က ရေဒီယိုတစ်လုံး လှူဒါန်းရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုချိုလတ်က လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးသူငယ် ကင်ဆာရောဂါ စောစီးစွာရှာဖွေဖော်ထုတ်ကုသ ညွှန်ပို့နိုင်ရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၂၇ ရက်က အသင်းရုံး၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်အေးမြင့်က ကလေးသူငယ်ကင်ဆာရောဂါအကြောင်း ပညာပေးဟောပြောစဉ်။ (မြန်မာ့အလင်း)

အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက် ရွှေဥဒေါင်းလမ်း အမှတ်(၂၅)နေ သုခဝတီဆန်စက်ပိုင်ရှင် ဦးခင်သန်းအားရည်စူး၍ ဇနီးဒေါ်ညွန့်ရီနှင့် မြေးများ ဖြစ်ကြသော သီဂီထွန်းသန်း၊ ဟန်နီထွန်းသန်း၊ ရန်မျိုးနိုင်တို့က အလှူငွေကျပ် ၁၁၀၀၀၀ ကို အင်းစိန်မြို့နယ် ကွက်သစ်မာလာရာမဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းနာယကဦးလှကြီးနှင့်အမှုဆောင်ဦးကျော်မြင့်တို့ကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုမည့် အထည်ချုပ်စက်ရုံ(ပခုက္ကူ)ဖွင့်လှစ် အရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးဆောင်ရွက် အရှည်တည်တံ့အောင် ဒေသခံပြည်သူများနှင့်ဝန်ထမ်းများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

နေပြည်တော် ဇူလိုင် ၃၀

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း အထည်ချုပ်စက်ရုံ(ပခုက္ကူ)ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီက မကွေးတိုင်း ပခုက္ကူမြို့နယ် ပခုက္ကူ-မြိုင်ကားလမ်း မိုင်တိုင်အမှတ် (၄/၂) အနီးရှိ အဆိုပါစက်ရုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တက်ရောက်၍ စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သာအေး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန **စာမျက်နှာ ၇ ကော်လံ ၁** ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အထည်ချုပ်စက်ရုံ(ပခုက္ကူ)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ်တွင် သဘာဝကပေးသော အခြေအနေကောင်းများရှိ တောင်သူများ တစ်မိုးနှစ်သီးစိုက်ပျိုးရေး ပညာပေးစည်းရုံး စပါးပိုမိုတိုးချဲ့စိုက်ပျိုးနိုင်သည်နှင့်အမျှ စီးပွားရေးမြင့်မားလာမည်

နေပြည်တော် ဇူလိုင် ၃၀

ကရင်ပြည်နယ် ဘားအံမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ဘားအံမြို့ရှိ သံလွင်တံတား(ဘားအံ)သို့ရောက်ရှိပြီး သံလွင်တံတား(ဘားအံ)၏ တံတားကြံ့ခိုင်ကောင်းမွန်မှု၊ မြစ်ရေစီးဆင်းမှုအခြေအနေ၊ **စာမျက်နှာ ၅ ကော်လံ ၃** ■



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘားအံမြို့ရှိ သံလွင်တံတား(ဘားအံ) တံတားကြံ့ခိုင်မှုနှင့် မြစ်ရေစီးဆင်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စစ်တောင်းနှင့် သံလွင်မြစ် စိုးရိမ်ရေမှတ်

ရန်ကုန် ဇူလိုင် ၃၀

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ တောင်ငူမြို့၌ ၆၀၁ စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့၌ ၇၇၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။ (သတင်းစဉ်)